# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၈၄)၊ ၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း ၇ ရက်၊ ၁၈–၉–၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)


ယနေ့ ဖတ်စရာအညွှန်း

ရုပ်ပေဒပညာရှင်များ ကြိုတင်မခန့်မှန်းနိုင်ခဲ့သည့် အလွန်ထူးဆန်းသော ကွမ်တမ်အစက်အသစ် — စာမျက်နှာ ၇

ဩစတြေးလျနိုင်ငံက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒများ တင်းကျပ်ရန် အစီအစဉ်များ ထုတ်ပြန် — စာမျက်နှာ ၈

တတ်၊ သိ၊ ကျင့်၊ ကျော်၊ ညောင်ကန်ဆရာတော် ဦးဗုဓ် (ဆောင်းပါး) — စာမျက်နှာ ၁၄


## ဒုတိယသမ္မတ ဦးညိုစော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၂၃) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြား




ဒုတိယသမ္မတ ဦးညိုစော၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့အကြီးအကဲများက (၂၃)ကြိမ်မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ပေးကြစဉ်။

နန်နင်း စက်တင်ဘာ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ပြပွဲစင်တာ၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့အကြီးအကဲများက အဖွင့်မိန့်ခွန်းပြောကြားကြပြီး (၂၃)ကြိမ်မြောက်တရုတ်–အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက်


စာမျက်နှာ ၃ သို့ ❐


## မြစ်သားမြို့နယ်၌ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မြစ်သား စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ရှိ ဒေသခံတောင်သူအများစုသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး နေကြာသီးနှံသည် စိုက်ပျိုးရန်လွယ်ကူခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်းတို့ကြောင့် နေကြာဆီထွက်သီးနှံ တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်လာကြသည်။

မိုးနေကြာ အထွက်တိုးမျိုးကောင်းမျိုးသန့်များကို မတ်လနှင့်ဧပြီလများတွင် ဆည်ရေသောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးခဲ့ပြီး ကုန်ကျစရိတ်အနေဖြင့် ထွန်ယက်ခ၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃၀၀၀၀၀ ကုန်ကြကြောင်းနှင့်ယခုအချိန်တွင် မိုးနေကြာသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ တစ်ဧကလျှင် တင်းနှစ်ဆယ်ခန့်ထွက်ရှိပြီး တစ်တင်းလျှင်ကို ငွေကျပ် ၆၅၀၀၀ ခန့်ရောင်းချရကြောင်း နေကြာစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

အဆိုပါမိုးနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်နည်းစနစ်ကွင်းသရုပ်ပြခြင်း၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်း၊ ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခြင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ နေကြာသီးနှံသည် သက်တမ်းတိုမျိုးဖြစ်ပြီး ကုန်ကျစရိတ်သက်သာ၍ စားသုံးဆီဖူလုံမှုရရှိသည့်အတွက် တောင်သူများအနေဖြင့် အများဆုံးစိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။**ဝါဝါမြင့်(မြစ်သား)**



## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၇**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့် ရှိနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ သောကြာနေ့။

## စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

ပညာရရှိရန်အတွက် စာသင်ကျောင်းများတွင် ဆည်းပူးရှာဖွေနိုင်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အတန်းပညာပြီးမြောက်သော်လည်း ပညာရရှိရန်အတွက် စာအုပ်၊ စာပေများကို အစဉ်တစိုက်လေ့လာရမည်ဖြစ်သည်။ ထိုသို့လေ့လာဖတ်ရှုနိုင်ရန် ဝယ်ယူ၊ ငှားရမ်း၍ ဖတ်ရှုကြရမည်ဖြစ်သည်။ မိမိဖတ်လိုသော စာအုပ်မျိုးစုံကို တစ်နေရာတည်းတွင် အလွယ်တကူ ဖတ်ရှုနိုင်သည်မှာ စာကြည့်တိုက်ပင်ဖြစ်သည်။ စာကြည့်တိုက်များတွင် စာအုပ်အမျိုးအစားစုံလင်ပြီး မိမိဖတ်ရှုလိုသော စာအုပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်သည်။

ထို့အပြင် "ပညာဘဏ်တိုက် စာကြည့်တိုက်"ဟူ၍ အဆိုရှိပြီး စာကြည့်တိုက်သည် ပညာလိုလားသူတိုင်းအတွက် ကွန်းခိုရာနေရာတစ်ခုလည်းဖြစ်သည်။ တက္ကသိုလ်များသည်လည်း စာကြည့်တိုက်များဖြင့် ဂုဏ်တင့်ဝင့်ထည်လျက်ရှိသည်။ တက္ကသိုလ်များ၏ အသည်းနှလုံးသည် စာကြည့်တိုက်ဖြစ်သည်ဟူသော အဆိုရှိသည်။ တက္ကသိုလ်များ၏ ဂုဏ်သည်ကြီးမားသော စာကြည့်တိုက်ကြီးများ ရှိနေခြင်းပင်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ မန္တလေးတက္ကသိုလ် စာကြည့်တိုက်တို့သည် တက္ကသိုလ်ကြီးများနှင့်စာကြည့်တိုက်များသည် တွဲလျက်ရှိနေကြသည်။ ပညာရည်ပြည့်ဝသော လူမျိုးနိုင်ငံဖြစ်စေရန်အတွက် စာပေ၏တန်ဖိုးကို သိရှိနားလည်စေရန် ပညာအလင်းရောင် စာကြည့်တိုက်များကို ကျေးလက်တောရွာအနှံ့ တည်ဆောက်လျက်ရှိကြသည်။ ထို့ကြောင့် စာကြည့်တိုက်များသည် မရှိမဖြစ်ဘဏ္ဍာတိုက်များအဖြစ် အရေးပါလှသည်။

စာကြည့်တိုက်ထဲမှ စာအုပ်များကိုဖတ်ရှုရာတွင် အချို့စာအုပ်များမှာ အပျော်ဖတ်သက်သက်ဖြစ်၍ စိတ်ထဲ၌ စွဲမှတ်မထားသင့်ပါ။ အချို့စာအုပ်များမှာမူ မိမိ၏ဘဝအသိအမြင်ကို ပြောင်းလဲစေသည့်အတွက် တန်ဖိုးထားမှတ်သားရမည်ဖြစ်သည်။ လူတိုင်းလူတိုင်း စာဖတ်ခြင်းကြောင့် အသိအလိမ္မာတိုးပွားပြီး အမှား၊ အမှန်ကို ခွဲခြားသိမြင်နိုင်မည်ဖြစ်သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "အလုံးစုံသော မွေ့လျော်ခြင်းတို့တွင် စာအုပ်၊ စာပေဖြင့် မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်၏"ဟု ဆိုခဲ့သည်။ ထို့ပြင် ကျေးလက်ဒေသနေပြည်သူများ စာအုပ်၊ စာပေဖတ်ရှုရန်နှင့် စာအုပ်၊ စာစောင်များ လက်လှမ်းတမီထားရှိပေးရန်အတွက် စာကြည့်တိုက်များ အားပေးမြှင့်တင်ပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်၊ စာတတ်သူတိုင်း စာဖတ်ကြစေရေး နှိုးဆော်တိုက်တွန်းခြင်း၊ အသိပညာပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးကြရန်နှင့် စာတတ်ရုံ၊ အတတ်ပညာပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့်၊ ဗလငါးတန်ပြည့်ဝသော လူငယ်များ ပေါ်ထွက်လာစေရေး မိဘများ၊ ဆရာ၊ ဆရာမများက ကြိုးစားဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ တစ်ကမ္ဘာလုံးက ပညာအခြေခံ လူ့အဖွဲ့အစည်းတည်ဆောက်ရေးကို ယဉ်ကျေးမှုတစ်ရပ်သဖွယ်လက်ခံကျင့်သုံးလျက်ရှိကြသည်။ ပညာသည်သာ အနာဂတ်ကို ရင်ဆိုင်နိုင်ဖွယ်ရာ တစ်ခုတည်းသော အရာဟု သဘောထားနေကြသည်။ ပညာရှာ၊ ပညာဖြည့်၊ ပညာဖြန့်ယဉ်ကျေးမှုကို နက်နက်နဲနဲ သုံးစွဲနေကြပြန်သည်။ ထိုကဲ့သို့ ပညာခေတ်တွင် စာအုပ်များစုဝေးရာ စာကြည့်တိုက်များသည် ပျော်မွေ့စရာ နေရာကောင်းလည်းဖြစ်သည်။ သို့ဖြစ်ရာ လူငယ်လူရွယ်များအနေဖြင့် စိတ်ဓာတ်များရင့်ကျက်ပြီး ပညာဗဟုသုတရရှိစေမည့် စာကြည့်တိုက်များ၌ မွေ့လျော်သင့်သည်။ ယခုအခါ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်း၊ ပြိုင်ပွဲများနှင့် ပြပွဲများကျင်းပ

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက စာဖတ်ဝိုင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပြပွဲများကျင်းပခဲ့သည်။

ရှေးဦးစွာ စာဖတ်ဝိုင်းတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က စာရေးဆရာ ဖေမြင့် ရေးသားထားသော "ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း" စာအုပ်ဖြင့် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများနှင့် စာဖတ်ဝိုင်း ကျင်းပသည်။

ယင်းနောက် ပြိုင်ပွဲတွင် ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါး အသိပညာပေးခေါင်းစဉ်ဖြင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများကို လာမည့်အပတ်တွင် ချီးမြှင့်မည်ဖြစ်သည်။

ဆက်လက်၍ မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များ၊ အသိပညာပေးနံရံကပ်စာစောင်များကို ပြသခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(၀၇၅)

၀-၀-၀-၀-၀

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေပေးအပ်ပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆန်းနှင့် တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာမှ ကျေးရွာစီမံကိန်းကော်မတီအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

မိတ္ထီလာမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၌ ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၅၀ နှုန်းဖြင့် ပျော်ဘွယ်လေး၊ အုံ့ထူး၊ ထန်းတောလေး၊ ကံကြီးကုန်း၊ ဆင်မီး၊ ညောင်မြင့်ကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၆၉)

၀-၀-၀-၀-၀

၀-၀-၀-၀

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပခုက္ကူ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြဇရာ(၁) ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ အပူဒဏ်အန္တရာယ်နှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ရှောင်ရန်၊ ဆောင်ရန်အချက်များ၊ အသိပညာပေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ၊ ဓာတ်တိုက်လေ့ကျင့်ခြင်း လုပ်ငန်းများကို အပြန်အလှန် ဆွေးနွေးတင်ပြကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပြန်လည်ဖြည့်စွက် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(၃၄၀)

၀-၀-၀-၀-၀

## အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်း သင်တန်းဖွင့်

**ပြင်ဦးလွင် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) တို့ပူးပေါင်း၍ အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်း Risk Awareness and Safer Behavior - RASB Training သင်တန်းဖွင့်ပွဲကို ပြင်ဦးလွင်မြို့ရှိ Hotel Win ၌ စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်များဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့် အတွင်းရေးမှူး ဦးကျော်ကျော်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) မန္တလေးရုံးခွဲမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစည်သူတိုးညွန့်နှင့် တာဝန်ရှိသူများ၊ စစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့မှ သင်တန်းတက်ရောက်မည့် ကြက်ခြေနီစေတနာ့လုပ်အားရှင် ၂၀ ဦးတို့ တက်ရောက်ခဲ့ကြသည်။




ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစည်သူတိုးညွန့်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ၃ ရက်တာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၇၀)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် ၆ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် )

**ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၂၊ ပုဒ်မခွဲ (က) နှင့် (ခ)၊ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) တို့အရ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ကြီးကိုကိုဦးအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ် အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များအား အောက်ပါအတိုင်း ကြေညာလိုက်သည်-

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင်သိပ္ပံအထူးပြုဘာသာရပ်များ အားလုံး | - | ၁-၁၀-၂၀၂၆ မှ ၇-၁၀-၂၀၂၆ ထိ |
| ဒုတိယအသုတ် အဝေးသင်ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၂-၁၀-၂၀၂၆ မှ ၃၀-၁၀-၂၀၂၆ ထိ |
| တတိယအသုတ် အဝေးသင်ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၆-၁၁-၂၀၂၆ မှ ၂၅-၁၁-၂၀၂၆ ထိ |

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

❒ ရှေ့ဖုံးမှ

တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ပေးကြသည်။

ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် China-ASEAN EXPO သည် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးသည့် ပြပွဲတစ်ခု အဖြစ်သာမက ယုံကြည်မှုတည်ဆောက်ရေး၊ စီးပွားရေးအခွင့်အလမ်းများ ရှာဖွေရေး၊ နည်းပညာနှင့် အတွေ့အကြုံများဖလှယ်ရေးနှင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးတို့အတွက် အရေးပါသည့် စင်္ကြံတစ်ခုလည်းဖြစ်ကြောင်း။

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ASEAN-China Free Trade Area - ACFTA 3.0 တွင် ကဏ္ဍသစ်များဖြစ်သည့် ဒီဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ထောက်ပံ့ပို့ဆောင်မှု ကွင်းဆက်၊ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေး ကဏ္ဍများသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး အခွင့်အလမ်းများကို ပိုမိုဖွင့်လှစ်ပေးနိုင်သည့်အပြင် လွတ်လပ်မျှတပြီး စည်းမျဉ်းအခြေခံသည့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသော ကုန်သွယ်မှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့် နိုင်ငံတော်တာဝန်ယူပြီးနောက်ပိုင်း တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံလေးနိုင်ငံအပါအဝင် နိုင်ငံပေါင်း ရှစ်နိုင်ငံသို့ ခရီးစဉ်များ သွားရောက်ခဲ့ပြီး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် နှစ်ဖက်အကျိုးရှိမည့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ၂၀၂၆ ခုနှစ် ဇွန်လအတွင်း တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်နှင့်လည်း မြန်မာ-တရုတ် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါထုတ်ပြန်ချက်သည် နှစ်နိုင်ငံအကြား တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ ဆွေးနွေးညှိနှိုင်းမှုနှင့် အပြန်အလှန် အကျိုးရှိမှုတို့အပေါ်အခြေခံပြီး ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်မြှင့်တင်သွားရန်သဘောတူခဲ့ကြောင်း၊ ထို့ပြင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၊ စွမ်းအင်၊ လျှပ်စစ်၊ ဒီဂျစ်တယ်စီးပွားရေး၊ ဉာဏ်ရည်တုနည်းပညာ၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍများနှင့် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက်လည်း သဘောတူခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ဆက်လက်ခိုင်မာစေပြီး အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုကိုလည်း အာဆီယံ၏ အချက်အချာကျမှု၊ တန်းတူညီမျှမှု၊ အပြန်အလှန်အကျိုးရှိမှုတို့အပေါ်အခြေခံ၍ ဆက်လက်မြှင့်တင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် (၂၃) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး၏ တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များဖိုရမ်သို့ အာဆီယံနိုင်ငံများ၊ ဖိတ်ကြားထားသည့်နိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နန်နင်းအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ပြပွဲစင်တာ၌ ကျင်းပသည့် မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ ပဲခူးမြို့ (City Of Charm) ပြခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ ပြခန်းများနှင့် အာဆီယံနိုင်ငံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

(၂၃) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ပြခန်းပေါင်း ၈၁ ခန်းဖြင့် စိုက်ပျိုးရေးထွက်ကုန်များ၊ လက်မှုအနုပညာပစ္စည်းများနှင့် ကျောက်မျက်ရတနာများကို ခင်းကျင်းပြသလျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြခန်းစုစုပေါင်း ၁၀၀၀ ကျော်ခန့် ဖွင့်လှစ်ကာ နိုင်ငံအလိုက် ထွက်ကုန်များကို ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။**သတင်းစဉ်**

## မဟာအောင်မြေမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လှူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေး မဟာအောင်မြေမြို့နယ်၊ CEA ကိုယ်ပိုင်အထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက လူငယ်ရေးရာများကို အကျယ်တဝင့် ဟောပြောခဲ့သည်။ ဆက်လက်၍ စာရေးဆရာ အိုးဝေ(မြေနီကျင်း)က ယနေ့လူငယ်နှင့် အောင်မြင်မှုခေါင်းစဉ်ဖြင့် အကျယ်တဝင့်ဟောပြောခဲ့ပြီးနောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးဝင်းဦးကလည်း လူငယ်နှင့်အားကစားအကြောင်းကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး၊ အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **(၀၅၆)**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၁၇

ယနေ့ညနေ ၄ နာရီ ၃ မိနစ် ၅၅ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကျောက်ဆည်မြို့၏ အရှေ့ဘက် ၁၈ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၆၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၄၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၃ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

# လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ရေရှည်တည်တံ့စွာရရှိစေရန် ကြိုတင်စီမံကိန်းချမှတ်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ပြောကြား

နေပြည်တော် စက်တင်ဘာ ၁၇

အရည်အသွေးအာမခံမှုလုပ်ငန်းသည် အဆင့်မြင့်ပညာအဖွဲ့အစည်းများတွင် သင်ကြားသင်ယူမှု၊ စီမံခန့်ခွဲမှုနှင့် ပံ့ပိုးဝန်ဆောင်မှုများကို တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်သော စဉ်ဆက်မပြတ်လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုနှင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ရေရှည်တည်တံ့စွာရရှိစေရန် ကြိုတင်စီမံကိန်းချမှတ်ပြီး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၃)၌ ကျင်းပသည့် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီ(NAQAC) အစည်းအဝေးတွင် ပြောကြားသည်။



ထို့အတူ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တက္ကသိုလ်အဆင့်၊ ဦးစီးဌာနအဆင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာကြည်ရွှင်က အဆင့်မြင့်ပညာဦးစီးဌာနက ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၏ကဏ္ဍ(၃)တွင် ဆုံးဖြတ်ခဲ့သော အရည်အသွေးအာမခံမှုဆိုင်ရာ ရည်မှန်းချက်(၃)ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် NAQAC Institutional Quality Assurance Principles, Standards and Criteria များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ပိုင်းဝန်းဆွေးနွေးကြကာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများကို Virtual စနစ်ဖြင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကို ဒေသတွင်း အာဆီယံနိုင်ငံများ၏ ပညာရေးစနစ်နှင့် နှိုင်းယှဉ်လေ့လာကာ ဘွဲ့ကြိုသင်တန်းများ၏ သင်တန်းကာလကို ယနေ့ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရန် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကျင်းပရေး၊ ရန်ကုန်နှင့်မန္တလေးအဝေးသင်တက္ကသိုလ်များကို National Open University များအဖြစ် အကောင်အထည်ဖော်နိုင်ရေးနှင့် တက္ကသိုလ်များတွင် Library-based learning နှင့် Project-based learning များ ထိရောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်သည့် အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် ခံယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ပြောကြား

နေပြည်တော် စက်တင်ဘာ ၁၇

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲတစ်ခုအဖြစ်သာမက မြန်မာ့ရိုးရာ အနုပညာအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်သည့် အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် ခံယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ယနေ့ ပြောကြားသည်။



ယနေ့နံနက် ၉ နာရီတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းထိန်းသိမ်းပေးနိုင်ရေး၊ အမျိုးသားယဉ်ကျေးမှုစိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ရေးနှင့် မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အမျိုးသားရေးဆိုင်ရာ ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ပိုင်းဝန်းဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

## ရေကောင်းရေသန့်၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မြို့နယ်အဆင့် ဆွေးနွေးပွဲကျင်းပ

**တာချီလိတ် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ရေကောင်းရေသန့်၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး Water, Sanitation, Hygiene-WASH Program မြို့နယ်အဆင့် ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မကာဟိုခမ်းရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း (တာချီလိတ်)ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဝေသုံက အဖွင့်အမှာစကား ပြောကြားပြီး အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ) ဦးမျိုးလွင်က ဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် WASH Program အား ကျောင်းအခြေပြု ပညာရေးလုပ်ငန်းများနှင့် ချိတ်ဆက်၍ ဆောင်ရွက်ခြင်းဆိုင်ရာများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူး ဒေါ်ခင်ဝင်းကြည်နှင့် မြို့နယ်ပညာရေးမှူး ဦးလှမင်းနိုင်တို့က ဆွေးနွေးပွဲစည်းကမ်းချက်များနှင့် သင်တန်းဆိုင်ရာ လိုက်နာရမည့် အချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက ကျောင်းများတွင် သန့်ရှင်းသောရေ ရရှိသုံးစွဲနိုင်ရေး၊ အိမ်သာနှင့် သန့်ရှင်းရေးဆိုင်ရာ အဆောက်အအုံများကို စနစ်တကျ အသုံးပြုထိန်းသိမ်းနိုင်ရေး၊ သန့်ရှင်းသော ကျောင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျောင်းသား၊ ကျောင်းသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်ကောင်းများ ရရှိလာစေရေးတို့ကို အဓိကထား၍ ဆွေးနွေးပို့ချခြင်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**ခရိုင်(ပြန်/ဆက်)**



## ပခုက္ကူမြို့နယ်တွင် အရန်သားဖွားဆရာမ(သစ်လွင်)သင်တန်းဖွင့်လှစ်



**ပခုက္ကူ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် အရန်သားဖွားဆရာမ(သစ်လွင်) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀နာရီက ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသိန်းဇော်က အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် သားဖွားဆရာမများ လွှမ်းခြုံမှုအားနည်းသည့်ကျေးရွာများတွင် မိခင်နှင့်ကလေး မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုကျွမ်းကျင် မှန်ကန်စွာ၊ ဘေးအန္တရာယ်ကင်းစွာ၊ ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင်စေရန်၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် အရန်သားဖွားဆရာမ (သစ်လွင်) ၁၀ ဦး တက်ရောက်မည်ဖြစ်ပြီး ၂၀၂၆ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်မှ ၂၀၂၇ခုနှစ်၊ မတ် ၁၇ရက်အထိ သင်တန်းကာလ ခြောက်လကြာ စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၄၀)**

၀-၀-၀-၀-၀

| ဇပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆) အနိုင်၊ အရှုံး | NGB |
|---|---|
| ဘက်တစ် ၁ - ၀ ဂီတာဖေး | |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေး

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး ရင်ပြင်တော်နှင့် ပရဝဏ် အတွင်း၊ အပြင်တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ယာယီရဲမှူးချုပ် ကျော်စိုးဝင်းနှင့် တပ်ဖွဲ့ခွဲမှူးများဦးစီး၍ တပ်ဖွဲ့ခွဲအသီးသီးမှ ရဲတပ်ဖွဲ့ဝင် အရာရှိများ၊ အခြားအဆင့်နှင့် မိသားစုဝင်များ၊ စုစုပေါင်း ၄၅၄ ဦးတို့ဖြင့် မဟာမုနိဘုရားကြီး ရင်ပြင်တော်နှင့် ပရဝဏ် အတွင်း၊ အပြင်တို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀



## နယ်လှည့်ကွင်းဆင်း၍ ကျန်းမာရေးကုသခြင်းများ ဆောင်ရွက်

**မြစ်သား စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်၊ ကင်းတားဝန်းရပ်ကွက် အတွင်းရှိ ပြည်သူများအား မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမများက အခမဲ့ နယ်လှည့်ကွင်းဆင်း၍ ကျန်းမာရေးကုသပေးခြင်းကို ယနေ့နံနက် ၉ နာရီက စတင်၍ ဆောင်ရွက်ပေးခဲ့ကြသည်။



မြို့နယ်မိခင်နှင့် ကလေး ကျန်းမာရေးဌာနမှ ကျန်းမာရေး ဆရာမများနှင့် သားဖွားဆရာမများက ကင်းတားဝန်းရပ်ကွက် အတွင်းရှိ အထွေထွေရောဂါ လူနာများ၊ ကိုယ်ဝန်ဆောင်နှင့် သားဖွားမီးယပ်လူနာများ၊ အရိုးအကြောနှင့် ပတ်သက်သည့် လူနာများ၊ ကလေးငယ်များအပါအဝင် ကင်းတားဝန်းရပ်ကွက် အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက် ကုသပေးခဲ့ကြောင်း မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အပေါ်ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀

## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ကျောက်ဆည် စက်တင်ဘာ ၁၇**

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမြင့်နိုင် ဦးဆောင်မှုဖြင့် ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှ ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်း သွေးလှူဒါန်းခဲ့သည်။ (ယာပုံ)

စုပေါင်းသွေးလှူဒါန်းရာ၌ ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်ရုံးများမှ အရာရှိ ခြောက်ဦး၊ အခြားအဆင့် ၁၆ ဦး၊ အမှတ်(၉၂)ယာဉ်ထိန်း ရဲတပ်ဖွဲ့စု (ကျောက်ဆည်)မှ အခြားအဆင့် နှစ်ဦး စုစုပေါင်း ၂၄ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ပြီး သွေးလှူရှင်များအား ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမြင့်နိုင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဇင်ဇင်သန်းဝေတို့က ကြည့်ရှုအားပေးခဲ့ကာ နို့အေး၊ ကြက်ဥ၊ ငှက်ပျောသီးနှင့် အချိုရည်ဘူးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၈၅)




- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


## မြို့နယ်သမဝါယမအသင်းစု၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ကန့်ဘလူ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် မြို့နယ်သမဝါယမအသင်းစု၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးထင်လင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်သည့် လုပ်ငန်းများကို ကဏ္ဍအလိုက် ဆွေးနွေးပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းသူက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသင်းအမှုဆောင်အသစ်ရွေးချယ်ဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ရယူကာ အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



## ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ကမ္ဘောဇဆောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်အကြောင်းနှင့် တရားမဝင်လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ် မုဒိမ်းမှုအကြောင်း အသိပညာပေးခြင်းတို့ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။



ဆက်လက်၍ စာရေးဆရာ ကိုရွှေအောင်သင်းက ကျောင်းသား၊ ကျောင်းသူများအား လူငယ်ရေးရာ အသိပညာပေး ဟောပြောခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ခရိုင်(ပြန်/ဆက်)




## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**မကွေး စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုကို ယမန်နေ့ နံနက် ၉ နာရီက မကွေးမြို့ အ·လ·က (လေ့ကျင့်ရေး)ကျောင်း၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက 'ပညာဘဏ်တိုက်စာကြည့်တိုက်' သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြပြီး မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က အမှာစကားပြောကြားကာ အ·လ·က(လေ့ကျင့်ရေး)ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်၊ စာဆောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းမှ တာဝန်ရှိသူများက စာပေအသိပညာပေးဟောပြောပြီး အ·လ·က(လေ့ကျင့်ရေး)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက စာဖတ်ရှိန်မြှင့်တင်ရေး ကျင်းပပေးမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**(အပေါ်ပုံ)**

ထို့နောက် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအတွင်း ထည့်သွင်းကျင်းပသော အခြေခံပညာအလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် 'အမြဲမပြတ် လေ့လာသင်ယူရေး စကားဝိုင်း' ' Never Stop Learning Talk Show' တွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကို သက်ဆိုင်ရာတာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများက 'ဓာတ်မာန်' သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ထို့နောက် 'အမြဲမပြတ် လေ့လာသင်ယူရေး စကားဝိုင်း' 'Never Stop Learning Talk Show' ဆက်လက်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး အ·လ·က(လေ့ကျင့်ရေး)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးဦးက စာရေးဆရာ နန္ဒာသိန်းဇံ ရေးသားထုတ်ဝေထားသော 'ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း' စာအုပ်ပါအကြောင်းအရာနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲ၊ လုပသာယာ ပြည်မြန်မာရောင်စုံဓာတ်ပုံများနှင့် ဂိမ်းကစားပြိုင်ပွဲများကို ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

## အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ခုနစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီးအွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦး၊ သီရိလင်္ကာနိုင်ငံသား နှစ်ဦး၊ တရုတ်နိုင်ငံသား တစ်ဦးနှင့် အိန္ဒိယနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ခုနစ်ဦးတို့အား ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါပြည်ပနိုင်ငံသားများကိုသက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၄၄ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၄၀ ရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၇၀၄ ဦးတို့အား သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**အောင်လံ စက်တင်ဘာ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်မည့် ကျောက်အိုးတောင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ စုပေါင်းခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**



ရှေးဦးစွာ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျိုးဝင်သော စီမံကိန်းလုပ်ငန်းခွဲများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့သည်။

အဆိုပါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဆောင်ရွက်

**မိုင်းယောင်း စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲများကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက အ·မ·က (ဝမ်ဘိုး)၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်တွင် မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်း၊ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် ဝန်ထမ်းများက စာအုပ်၊ စာပေ လူ့မိတ်ဆွေ၊ လူငယ်နှင့် AI အကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး၊ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်၊ မသန်စွမ်းသူများနှင့်ပတ်သက်၍ သိကောင်းစရာများကို ဟောပြောပြီး အသိပညာပေး နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲများကို ခင်းကျင်းပြသခဲ့သည်။

**ဝေဝေနိုင်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀

## ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းဖွင့်

**သဲကုန်း စက်တင်ဘာ ၁၇**

ဒေသခံပြည်သူများ ဥပဒေဆိုင်ရာ အသိပညာဗဟုသုတများ ပိုမိုသိရှိနားလည်လာစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ သဲကုန်းမြို့နယ် ဥပဒေရုံး၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက အောင်ဆန်းစာကြည့်တိုက်တွင် ဖွင့်လှစ်ခဲ့ရာ သဲကုန်းမြို့နယ် ဥပဒေရုံးမှ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခိုင်ဇင် အောင်နှင့်ဝန်ထမ်းများ၊ ရပ်ကွက်(၄)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခိုင်ဇင်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားခဲ့ပြီး မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကန်တော်မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ထန်းရင်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပေါက်တောရပ်ကွက် အုပ်ချုပ်ရေးမှူးများက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ(လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအား ဒေသခံပြည်သူများ သိရှိစေရန် ဆွေးနွေးသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။


**ကိုကျော်(သဲကုန်း)**

၀-၀-၀-၀-၀

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Prisencc Line Sinainciusol သီချင်း၏ နောက်ကွယ်မှ လျှို့ဝှက်ချက်

အီတလီနိုင်ငံ၏ အကြီးကျယ်ဆုံး ဖျော်ဖြေရေးပညာရှင် Andriano Celentino ၏သီချင်း Prisencc Line Sinainciusol၏နောက်ကွယ်မှ လျှို့ဝှက်ချက်ကို နှစ်ပေါင်းများစွာကြာမှ ပရိသတ် သိရှိခဲ့ကြရကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါ သီချင်းကို ၁၉၇၂ ခုနှစ်တွင် ဖြန့်ချိခဲ့ပြီး ထူးခြားချက်မှာ သီချင်းတစ်ပုဒ်လုံး အင်္ဂလိပ်စကားပြောသံထွက်အောင် သီဆိုထားသည့် အဓိပ္ပာယ်မဲ့ အသံများနှင့် သီဆိုထားခြင်းဖြစ်သည်။

ထိုခေတ်ကာလက ကမ္ဘာ့ဂီတလောကကို အင်္ဂလိပ်သီချင်းများ စိုးမိုးထား၍ သူက စိတ်ကူးရကာ ဖန်တီးထားကြောင်း၊ အင်္ဂလိပ်စာမတတ်သူများ နားထဲမည်သို့ကြားရသည်ကို ပုံဖော်လို၍ မတူညီသော ဘာသာစကားကြား ဆက်သွယ်ရေးအခက်အခဲကို ထောက်ပြထားကြောင်း၊ ဒရမ်သံလေးချက်ကို ထပ်တလဲလဲမြည်စေပြီး အဓိပ္ပာယ်မဲ့စာသားများကို စည်းချက်ကျကျ လိုက်အော်ဆိုထားကြောင်း၊ ဟစ်ဟော့ပ်၊ ရက်ပ်များ မပေါ်မီက ဖန်တီးထားကြောင်း သိရ၍ ဝေဖန်သူများ အံ့အားသင့်ခဲ့ကြရသည်။

Andriano Celentino က ရုပ်သံတွင်းဖျော်ဖြေရာမှ ပရိသတ်သဘောကျခဲ့ပြီး အီတလီ၊ ပြင်သစ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံနှင့် နယ်သာလန်နိုင်ငံအထိ ကမ္ဘာကျော်ခဲ့သည့်အပြင် Fargo နှင့် Ted Lasso ရုပ်သံတွင် ထည့်သွင်းကာ ဘာသာဗေဒပညာရှင်များပင် လက်ဖျားခါခဲ့ကြရသည်။

SKY



## ရူပဗေဒပညာရှင်များ ကြိုတင်မခန့်မှန်းနိုင်ခဲ့သည့် အလွန်ထူးဆန်းသော ကွမ်တမ်အစက်အသစ်

ရူပဗေဒပညာရှင်များ ယခင်က မဖြစ်နိုင်ဟု ယူဆခဲ့ကြဖူးသည့် လုံးဝကွဲပြားခြားနားသော ကွမ်တမ်အမှုန်အမျိုးအစား နှစ်ခုသည် တည်ငြိမ်သည့် ဒြပ်ထုပုံစံအဖြစ် ပေါင်းစပ်သွားနိုင်ဖွယ်ရှိကြောင်း ဩစတြေးလျနိုင်ငံ မိုနာ့ရှ်တက္ကသိုလ်မှ သုတေသီများ၏ မကြာသေးမီက ဖော်ထုတ်ခန့်မှန်းခဲ့ကြသည်။

သင့်လျော်သော အခြေအနေများအောက်တွင် အလွန်အမင်း အေးမြနေသော ဘိုဇွန်နှင့် ဖာမီယွန် အမှုန်များသည် ကိုယ်တိုင်တွယ်ဆက်နေနိုင်သည့် "ကွမ်တမ်အစက်များ" အဖြစ် ပေါင်းစပ်နိုင်သည်ဟု ဆိုသည်။

ယင်းဘိုဇွန်နှင့် ဖာမီယွန် အမှုန်များသည် အခြေခံအားဖြင့် ကွဲပြားခြားနားသော ကွမ်တမ်စည်းမျဉ်းများကို လိုက်နာကြသော်လည်း ၄င်းတို့နှစ်မျိုးပြင်းထန်စွာ အပြန်အလှန် သက်ရောက်မှုရှိသော ရောစပ်မှုများသည် အတူတကွ တည်မြဲတွယ်ကပ်နေနိုင်ဆဲဖြစ်ကြောင်း ထိုသီအိုရီသစ်က ဖော်ပြနေသည်။

ထိုခန့်မှန်းချက်ကြောင့် ရူပဗေဒပညာရှင်များအနေဖြင့် ရှာဖွေဖော်ထုတ်ရန်အတွက် ကွမ်တမ်ဒြပ်ထုအခြေအနေအသစ် တစ်ရပ်ကို ရရှိလာစေမည်ဖြစ်ပြီး အလွန်တိကျသည့် အာရုံခံကိရိယာများမှသည် ကွမ်တမ်ကွန်ပျူတာ နည်းပညာများအထိ သက်ဆိုင်ရာ ကွမ်တမ်ပစ္စည်းများကို ပိုမိုနားလည်သဘောပေါက်လာစေရန် အထောက်အကူပြုမည်ဖြစ်သည်။

SCI



## Lee Dong Wook က Goblin ရိုက်ကူးပြီး စိတ်ဓာတ်ကျခဲ့ကြောင်း ပြောကြား

အောင်မြင်မှုကြီးမားခဲ့သော မှင်စာချစ်သူ Goblin ဇာတ်ကားရိုက်ကူးပြီးနောက် သေမင်းဇာတ်ကောင်နေရာမှ ပါဝင်ခဲ့သည့် မင်းသားလီဒေါင်ဝုဒ်မှာ စိတ်ကျဝေဒနာခံစားရသည်ဟု You Quizon the Block တွင် ပြောကြားရင်ဖွင့်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဒေါင်ဝုဒ်က သရုပ်ဆောင်လုပ်သက် နှစ် ၂၀ ကျော်တွင် လွယ်ကူသော ဇာတ်ရုပ်မရှိခဲ့သော်လည်း Goblin နှင့် Strangers from Hell ဇာတ်လမ်းတွဲ ရိုက်ကူးမှုကာလများတွင် ပိတ်လှောင်ထားသကဲ့သို့ ခံစားရပြီး စိတ်မွန်းကျပ် ဖိစီးမှုခံစားရကြောင်း ပြောကြားခဲ့သည်။

ဒေါင်ဝုဒ်က Goblin ရိုက်ပြီးနောက်ပိုင်း စိတ်ခံစားချက်ပြင်းထန်ခဲ့သဖြင့် လများစွာကြာ အိမ်တွင်းပုန်းနေကာ ဘဝကြောင့် ကောင်းမွန်စွာ သရုပ်မဆောင်နိုင်သည်ကိုတွေ့၍ လက်လျှော့ရန်အထိ ဖြစ်ခဲ့သည်။ အိမ်တွင်စိတ်ဓာတ်ကျနေရာမှ Strangers From Hell ကို ရိုက်ကူးခဲ့ပြီး လက်ရှိဇာတ်ကောင်အပြောင်းအလဲများလုပ်ကာ မတူသည့်ပုံစံကို ချပြနေကြောင်း ထပ်ဆင့်ပြောကြားသွားသည်။

SKY

## One And Only ရုပ်ရှင် စပိန်၊ တရုတ်ရုပ်ရှင်ပွဲတော်တွင် ပြသ

စပိန်၊ တရုတ်ရုပ်ရှင်ပွဲတော်တွင် သံတမန်ရုပ်ရှင်အဖြစ် ဝမ်ရိဘို၏ One And Only ရုပ်ရှင်ကို ပြသခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်မှာ တရုတ်ရုပ်ရှင်၏ ထူးခြားသည့်ဆွဲဆောင်မှုနှင့် ရှုထောင့်တိုင်းတွင် နက်ရှိုင်းသည့် တရုတ်ယဉ်ကျေးမှုအမွေအနှစ်များပါရှိ၍ ပြသရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လထွက်ရှိချိန်မှစ၍ One And Only မှာ တရုတ်ရုပ်ရှင်၏ နိုင်ငံတကာအဆင့်ကိုယ်စားပြုဖြစ်လာခဲ့ပြီး လှုံ့ဆော်မှုပေးသည့် လမ်းဘေးအကနှင့် အရည်အသွေးမြင့်ထုတ်လုပ်မှု၊ ကြိုးစားအားထုတ်မှုနှင့် စိတ်ပိုင်းဖြတ်မှုက အောင်မြင်မှုကိုရစေသည်ဆိုသည့် အဓိကတန်ဖိုးတို့ကြောင့် နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် အဖွင့် (သို့မဟုတ်) အပိတ်ရုပ်ရှင်ဖြစ်ခဲ့ကာ တရုတ်ရုပ်ရှင်သံတမန်ရေးအတွက် ဖိတ်ကြားချက်တစ်ခုဖြစ်ခဲ့သည်။

တရုတ်ရုပ်ရှင်သမိုင်းတွင် ဝင်ငွေစံချိန်တင် ပြည်တွင်းအားကစားရုပ်ရှင်ဖြစ်ခဲ့ကာ ဝမ်ရိဘိုက လူငယ်တစ်ဦးအကကို နှစ်သက်၍ ဘဝကို ရဲရင့်စွာရင်ဆိုင်၍ တိုးတက်အောင်ကြိုးစားခဲ့ပုံကို သရုပ်ဆောင်ပြသထားရာ (၃၇)ကြိမ်မြောက် Golden Rooster ဆု၊ (၁၈)ကြိမ်မြောက် Changchun ရုပ်ရှင်ပွဲတော်၏ Golden Der ဆု စသည့်ဆုများစွာ အမည်စာရင်းတင်သွင်းခံထားရသည့် ရုပ်ရှင်ဖြစ်သည်။

SKY




## EXO မှ Lay @ Zhan Yishin ဖြစ်ရပ်မှန်ရုပ်ရှင်တွင် သရုပ်ဆောင်စွမ်းရည်ပြသထား

တရုတ်အနုပညာရှင်၊ အဆိုတော်၊ သရုပ်ဆောင်၊ စီအီးအို အိပ်ဇိုအဖွဲ့ဝင်ဟောင်းလေး(ခေါ်)ကျန်ရီရှင်းက ဖြစ်ရပ်မှန်ရုပ်ရှင်တွင် သရုပ်ဆောင်စွမ်းရည်ပြသထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါရုပ်ရှင်သည် China Box Office တွင် ထိပ်ဆုံးမှ နေရာယူထားပြီး တရုတ်မြန်မာနယ်စပ်မှ ကြောက်စရာဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်းကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။

တရုတ်မြန်မာနယ်စပ်မြို့များတွင် တွင်ကျယ်စွာလုပ်ကိုင်နေသည့် အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်း(ကျားဖြန့်)တွင် ခိုင်းစေခံရသည့်လူများ၏ ဇာတ်ကြောင်းဖြစ်ပြီး ပရိဂရမ်တစ်ဦးဇာတ်ရုပ်နှင့် အနုပညာသရုပ်ဆောင်စွမ်းရည်ပြသထား၍ ပရိသတ်အားပေးမှုရရှိထားသည်။

SKY


## Lisa ၏ Goals က World Cup Song သီချင်းဖြစ်

ကမ္ဘာကျော်ဘလက်ပင့်ခ်အဖွဲ့ဝင် Lisa နှင့်အတူ အန်နီတာ၊ ရီမာတို့ သီဆိုထားသည့် Goals အမည်ရ World Cup Song သီချင်းထွက်ရှိပြီး ပရိသတ်ကြား ရေပန်းစားခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Lisa ၏ဂီတမှာ ထကချင်လောက်သည့် စွမ်းအင်များရှိပြီး အင်အားအပြည့်၊ ပါဖောမင့်အပြည့်နှင့် သီဆိုထား၍ World Cup သီချင်း စံချိန်မီခဲ့ကြောင်း ပရိသတ်အချို့က မှတ်ချက်ပေးထားကြသည်။

တစ်ဖက်ခြမ်းမှ ပရိသတ်များက Lisa ၏ သီချင်းကို ဝေဖန်တိုက်ခိုက်ခဲ့ကြသဖြင့် ကမ္ဘာ့ဖလား ဘောလုံးပွဲထက် ပရိသတ်ကြား၌ ရေပန်းစားမှုမြင့်မားနေသည်။

SKY



# ဩစတြေးလျနိုင်ငံက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒများ တင်းကျပ်ရန် အစီအစဉ်များ ထုတ်ပြန်



**ဆစ်ဒနီ စက်တင်ဘာ ၁၇**

ဩစတြေးလျနိုင်ငံက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒများကို တင်းကျပ်ရန် အစီအစဉ်များ ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်များတွင် နိုင်ငံခြားသား ကျောင်းသားများအနေဖြင့် မိသားစုဝင်များကို ခေါ်ဆောင်လာခွင့် ပိတ်ပင်ခြင်းလည်း ပါဝင်သည်။

ပြည်ထဲရေးဝန်ကြီး တိုနီဘာကီက ယခုပြောင်းလဲမှုများ ပြုလုပ်ရခြင်း၏ အကြောင်းရင်းတစ်ခုမှာ အိမ်ရာရှားပါးမှု ပြဿနာဖြစ်ခြင်းကြောင့် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိမ်ရာအသစ်များ တည်ဆောက်နိုင်မည့်နှုန်းထားနှင့် လက်ရှိလူဝင်မှုကြီးကြပ်ရေး အခြေအနေတို့ကို နှိုင်းယှဉ်သုံးသပ်ကြည့်သောအခါ လူဦးရေပမာဏကို လျှော့ချနိုင်မည့် နည်းလမ်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

နိုင်ငံခြားသား ကျောင်းသားများအပေါ် ချမှတ်ထားသော ကန့်သတ်ချက်အသစ်များတွင် Ph.D (ပါရဂူဘွဲ့) သင်တန်းတက်ရောက်နေသူများနှင့် အာဆီယံနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံများမှ ကျောင်းသားများအတွက် ခြွင်းချက်အချို့ ပါဝင်မည်ဖြစ်သည်။

နိုင်ငံတကာ ကျောင်းသားများအနေဖြင့် ပိုမိုမြင့်မားသော အဆင့်ရှိသည့် သင်တန်းများသို့ တက်ရောက်ခွင့်ရရှိမှသာ လျှင် ၎င်းတို့၏ ဗီဇာသက်တမ်းကို တိုးမြှင့်ခွင့်ပြုမည်ဖြစ်သည်။

အလုပ်လုပ်ကိုင်ခွင့် ပါဝင်သော အားလပ်ရက်ခရီးသွားဗီဇာများအတွက်မှ သက်တမ်းတိုးခွင့်ရရှိသူ အရေအတွက်ကို ကန့်သတ်နိုင်ရန် မဲနှိုက်ရွေးချယ်သည့် စနစ်တစ်ခုကို စတင်အသုံးပြုသွားမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံတွင် လူဝင်မှုကြီးကြပ်ရေးကိစ္စရပ်သည် အဓိက နိုင်ငံရေးပြဿနာတစ်ခု ဖြစ်နေသည်။

မူဝါဒအသစ်များကြောင့် ၂၀၂၈ ခုနှစ်အရောက်တွင် နိုင်ငံရပ်ခြားမှ လာရောက်နေထိုင်သူအရေအတွက်ကို လူဦးရေ ၃၀၀၀၀၀ ခန့်မှ ၂၅၀၀၀၀ ခန့်အထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း ဩစတြေးလျအစိုးရက ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



## ပြည်ပကျောင်းသားများ ဩစတြေးလျ၌ ပညာသင်ကြားနေစဉ် အဖော်များနှင့် ကလေးများကို ခေါ်ဆောင်ခွင့်ရပ်ဆိုင်းတော့မည်

**ကင်ဘာရာ စက်တင်ဘာ ၁၇**

ဩစတြေးလျနိုင်ငံအနေဖြင့် နိုင်ငံတကာ ကျောင်းသားများ ပညာသင်ကြားနေစဉ်အတွင်း ၎င်းတို့၏ အဖော်များနှင့် ကလေးများကို ခေါ်ဆောင်ခွင့်ရပ်ဆိုင်းမည်ဖြစ်ပြီး ယာယီရွှေ့ပြောင်းနေထိုင်သူများအတွက် ဗီဇာပြောင်းလဲခြင်းဆိုင်ရာ စည်းမျဉ်းများကို တင်းကျပ်မည်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျ အမျိုးသား သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီး တိုနီဘတ်ခ်က မိန့်ခွန်းပြောကြားရာ၌ ပြည်ပမှ အသားတင် ရွှေ့ပြောင်းနေထိုင်သူ အရေအတွက်ကို လက်ရှိ ခန့်မှန်းခြေ ၃၀၀၀၀၀ မှ ၂၀၂၈ ခုနှစ်တွင် ၂၂၅၀၀၀ သို့ လျှော့ချသွားမည်ဖြစ်ကြောင်း အသိပေးခဲ့သည်။

လက်ရှိတွင် နိုင်ငံတကာ ကျောင်းသားများ၏ အိမ်ထောင်ဖက်များနှင့် အဖော်များသည် ဩစတြေးလျနိုင်ငံတွင် အလုပ်လုပ်ကိုင်နိုင်သော်လည်း ၎င်းတို့ အလုပ်လုပ်ခွင့်ရှိသည့် နာရီအရေအတွက်မှာ ကျောင်းသား၏ သင်တန်းသင်ရိုးညွှန်းတမ်းအပေါ် မူတည်၍ ကွာခြားမှုရှိသည့်အပြင် အဆိုပါကျောင်းသားသည် အသက် ၁၈ နှစ်အောက် မှီခိုကလေးငယ်များကိုလည်း ခေါ်ဆောင်လာနိုင်ကြောင်း သိရသည်။

**Mon**

## ၁၅ နှစ်အောက် ကလေးငယ်များကို အွန်လိုင်းအန္တရာယ်များမှ ကာကွယ်ရန် ဥရောပကော်မရှင်၏ စာရွက်စာတမ်းအရ ကန့်သတ်ပိတ်ပင်သွားမည်

**ဘရပ်ဆဲလ် စက်တင်ဘာ ၁၇**

ဥရောပကော်မရှင်၏ စာရွက်စာတမ်းအရ အသက် ၁၅ နှစ်အောက်ကလေးငယ်များ လူမှုကွန်ရက်မီဒီယာများ၊ ဗီဒီယိုမျှဝေသည့် ပလက်ဖောင်းများ၊ အေအိုင်ချတ်ဘော့များနှင့် အွန်လိုင်းဂိမ်းများအသုံးပြုခြင်းကို ကန့်သတ်ပိတ်ပင်မည့် အဆိုပြုချက်ကို ဥရောပသမဂ္ဂက တင်သွင်းသွားမည်ဖြစ်ပြီး ၎င်းမှာ အွန်လိုင်းအန္တရာယ်များမှ ကလေးများကို ကာကွယ်ရန်အတွက် အဘက်ဘက်မှ အပြည့်စုံဆုံး အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မက်တာ၏ ဖေ့ဘုတ်နှင့် အင်စတာဂရမ်၊ တစ်တော့၊ ဂူဂဲလ်၏ ယူကျု့နှင့် ချက်ဂျီပီတီ အပါအဝင် အဓိကပလက်ဖောင်းများ၏ ကလေးငယ်များ ကျန်းမာရေးနှင့် လုံခြုံရေးအပေါ် သက်ရောက်မှုများနှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်းတွင် စိုးရိမ်ပူပန်မှုများ မြင့်တက်လာလျက်ရှိသည်။

အဆိုပါ ဥရောပသမဂ္ဂ၏ အဆိုပြုချက်သည် ဥရောပကော်မရှင်ဥက္ကဋ္ဌနှင့် အီးယူနည်းပညာအကြီးအကဲတို့ တင်ပြမည့် ဥရောပသမဂ္ဂ ကလေးများဆိုင်ရာ ဥပဒေ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်မည့် လာမည့် အီးယူမူဝါဒဆိုင်ရာ ပြည်ထောင်စုအခြေအနေ မိန့်ခွန်းပြောကြားမှုတွင် ယခင်ဥက္ကဋ္ဌက အသေးစိတ်အချက်အချို့ကို ကြေညာနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Mon**



INTERNATIONAL
NEWS
နိုင်ငံတကာသတင်းများ

## ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်း နေရာအနှံ့ ရေကြီးမှုများဖြစ်ပွား၊ ကျောင်းများ ပိတ်ထားရ

**ဟနွိုင်း စက်တင်ဘာ ၁၇**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တစ်ဝန်း၌ စက်တင်ဘာ ၁၆ ရက် ညမှ ၁၇ ရက်နံနက်ပိုင်းအထိ မိုးရေချိန် ၁၅၀ မီလီမီတာထက် ကျော်လွန်၍ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် နေရာအနှံ့အပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပွားပြီး လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ကာ စီးပွားရေးလုပ်ငန်းများနှင့် စာသင်ကျောင်းများကို ပိတ်ထားရကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

မြို့ ရေဆိုးစီမံခန့်ခွဲရေးဌာန၏ ထုတ်ပြန်ချက်အရ ဗုဒ္ဓဟူးနေ့ ည ၇ နာရီမှ ကြာသပတေးနေ့ နံနက် ၃ နာရီအထိ တိုင်းတာရရှိသော မိုးရေချိန်မှာ တူလီယမ်မြို့နယ်တွင် ၁၉၉ မီလီမီတာ၊ ဟိုင်ဘာထရန်းမြို့နယ်တွင် ၁၉၀ မီလီမီတာ၊ ကောဂေးမြို့နယ်တွင် ၁၈၂ မီလီမီတာ၊ ယန်ဆိုဒေသတွင် ၁၆၄ မီလီမီတာနှင့် သန်းလီးဒေသတွင် ၁၅၃ မီလီမီတာအထိ စံချိန်တင် ရွာသွန်းခဲ့သည်။

အဓိကလမ်းမကြီးများပေါ်တွင် ရေအနက် ၃၀ မှ ၅၀ စင်တီမီတာအထိ မြင့်တက်ခဲ့ပြီး အနိမ့်ပိုင်းဒေသအချို့တွင် ၁ မီတာနီးပါးအထိ ရေဖုံးလွှမ်းခဲ့သည်။ ပင်မလမ်းကြောင်းအများအပြားတွင် ယာဉ်များဖြတ်သန်းသွားလာရန် ခက်ခဲခြင်း သို့မဟုတ် သွားလာ၍ မရတော့ခြင်းတို့ကြောင့် မော်တော်ယာဉ်မောင်းနှင်သူများမှာ ယာဉ်ကြောပိတ်ဆို့မှုများအတွင်း ပိတ်မိခဲ့ကြပြီး အချို့မှာ မြင့်မားသော နေရာများသို့ ရွှေ့ပြောင်းခဲ့ကြရကြောင်း သိရသည်။

**Mon**

## အင်ဒိုနီးရှားတောမီးများ နိုဝင်ဘာအစောပိုင်းထိ ဆက်လက်ဖြစ်ပွားနိုင် မြေယာရှင်းလင်းရန်အတွက် မီးသုံးစွဲခြင်းကို ရပ်တန့်ကြစေလို

**ဂျကာတာ စက်တင်ဘာ ၁၇**

အင်ဒိုနီးရှားနိုင်ငံ၏ တောမီးများ မိုးရာသီနှောင်းပိုင်းရောက်မှ စတင်တောက်လောင်ခဲ့သဖြင့် နိုဝင်ဘာလအစောပိုင်းအထိ ဆက်လက်ဖြစ်ပွားနိုင်သည်ဟု သစ်တောရေးရာဝန်ကြီး ရာဂျာဂျူလီအန်တိုနီက စက်တင်ဘာ ၁၆ ရက်၌ ဒေသတွင်းမီဒီယာများကို ပြောကြားခဲ့ပြီး ကြာရှည်စွာဖြစ်ပွားနေသော ရာသီဥတုခြောက်သွေ့မှုကာလအတွင်း မြေယာရှင်းလင်းရန်အတွက် မီးသုံးစွဲခြင်းကို ရပ်တန့်ကြရန်တိုက်တွန်းခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံသည် လွန်ခဲ့သော ၁၁ နှစ်အတွင်း အပြင်းထန်ဆုံး တောမီးလောင်ကျွမ်းမှုကို ရင်ဆိုင်နေရပြီး စူပါအယ်လ်နီညို ရာသီဥတုအခြေအနေများကြောင့် နိုင်ငံ၏သစ်တောများနှင့် လယ်ယာမြေများ ခြောက်သွေ့လျက်ရှိသည်။

အထူးသဖြင့် ဘော်နီယိုနှင့် ဆူမတြားကျွန်းများတွင် တောမီးများသည် အပတ်နှင့်ချီ၍ ပြင်းထန်စွာ တောက်လောင်လျက်ရှိရာ အယ်လ်နီညိုနှင့် ဆက်စပ်နေသော ခြောက်သွေ့သည့် ရာသီဥတုသည် ယခုလတွင် အထွတ်အထိပ်သို့ ရောက်ရှိမည်ဖြစ်ပြီး ရာသီအလိုက် တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်ရန် ကြိုးပမ်းမှုများကို ပိုမိုခက်ခဲစေမည်ဟု စက်တင်ဘာလအစောပိုင်းက တည်းက ၎င်းက သတိပေးခဲ့ကြောင်း သိရသည်။

**Mon**

## ပြင်သစ်နိုင်ငံ၌ အပူချိန် အလွန်မြင့်မားကာ အပူလှိုင်းများစံချိန်တင် နွေရာသီတွင် ပုံမှန်ထက်ပိုမိုသေဆုံးသူ ၈၀၀၀ နီးပါးခန့် ရှိလာ

**ပဲရစ် စက်တင်ဘာ ၁၇**

၁၉၀၀ ပြည့်နှစ်နောက်ပိုင်း ပြင်သစ်နိုင်ငံ၏ အပူချိန်အမြင့်မားဆုံးနှင့် စံချိန်တင်အပူလှိုင်းဒဏ်များကို ဆက်တိုက်ခံစားခဲ့ရသည့် နွေရာသီတွင် ပုံမှန်ထက် ပိုမိုသေဆုံးသူ ၈၀၀၀ နီးပါးခန့် ရှိလာပြီဟု ကျန်းမာရေးအာဏာပိုင်များက စက်တင်ဘာ ၁၆ ရက်တွင် အတည်ပြုထုတ်ပြန်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မေလနှောင်းပိုင်းမှ ဩဂုတ်လ ၂၀ ရက်အတွင်း ပုံမှန်ထက် ပိုမိုသေဆုံးသူ ၇၉၁၉ ဦးရှိသည်ဟူသော နောက်ဆုံးဖော်ပြချက်မှာ အပြီးသတ်မဟုတ်သေးဘဲ နွေရာသီ၏ နောက်ဆုံးပတ်များမှ အချက်အလက်များကို ဆက်လက်ရရှိလာသည်နှင့်အမျှ ထပ်မံတိုးလာနိုင်သေးကြောင်း ပြင်သစ်ပြည်သူ့ကျန်းမာရေးအာဏာပိုင်အဖွဲ့က ကြေညာသည်။

ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၂၀ ရက်အတွင်း ပုံမှန်ထက် ပိုမိုသေဆုံးသူ ၈၁၇ ဦး ရှိခဲ့ပြီး ဇွန် ၁၇ ရက်မှ ဇူလိုင် ၂ ရက်အထိ ၅၇၆၄ ဦး၊ ဇူလိုင် ၃ ရက်မှ ၂၀ ရက်အထိ ၁၂၄၃ ဦးနှင့် မေ ၂၄ ရက်မှ ၂၈ ရက်အထိ နွေရာသီအစောပိုင်း အပူလှိုင်းအထွတ်အထိပ်ကာလအတွင်း ၉၅ ဦး စသည်ဖြင့် အသီးသီးမှတ်တမ်းတင်ထားကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**အထက်မင်းလှ စက်တင်ဘာ ၁၇**

မင်းလှမြို့နယ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ရွာတော်ကျေးရွာရှိ ဖိမ်ကေတီဗီ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဖုံလှက လူကုန်ကူးမှုမြောက်သည့် အချက်များ၊ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရာတွင် သတိပြုသင့်သည့် အချက်များဆွေးနွေးခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ချစ်စမ်းမောင်က လူကုန်ကူးခံရသည့်ဖြစ်စဉ်များ ဟောပြောဆွေးနွေးခြင်း၊ မင်းလှမြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးအောင်သူမြင့်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေများ ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းသိန်းက လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

အသိပညာပေးဟောပြောပွဲသို့ ညောင်ပင်သာကျေးရွာမှ ပြည်သူ ၅၄ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) မြို့နယ်(ပြန်/ဆက်)**



## တရားမဝင် ဓာတ်အားသုံးစွဲမှုများ ကင်းရှင်းရေးနှင့် အိမ်သုံးမီတာများ လျှောက်ထားနိုင်ရေးအသိပညာပေးဆွေးနွေး

**မိတ္ထီလာ စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ တရားမဝင် ဓာတ်အားသုံးစွဲမှုများကင်းရှင်းရေးနှင့် အိမ်သုံးမီတာများ Online စနစ်ဖြင့် လျှောက်ထားနိုင်ရေး အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ နံနက်က ညောင်ပင်သာကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

တရားမဝင် ဓာတ်အားသုံးစွဲမှုများ ကင်းရှင်းရေးနှင့် အိမ်သုံးမီတာများ Online စနစ်ဖြင့် လျှောက်ထားနိုင်ရေး အသိပညာပေးဆွေးနွေးပွဲတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကိုက မြို့နယ်အတွင်း ဓာတ်အားသုံးစွဲသူပြည်သူများအား ဓာတ်အားဝယ်ယူဖြန့်ဖြူးရောင်းချပေးမှုအခြေအနေများ၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများနှင့် ပတ်သက်၍ ဖော်ထုတ်အရေးယူမှုအခြေအနေများ၊ Online စနစ်ဖြင့် မီတာများ လျှောက်ထားရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၆၉)**

## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ပြင်ဦးလွင် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ခွဲ) (ပြင်ဦးလွင်မြို့)နှင့် တိုင်းပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက အမှတ်(၄) အဆင့်မြင့်အထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ်(၄)အဆင့်မြင့်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးယုလီက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ခွဲ)(ပြင်ဦးလွင်မြို့)မှ ဥက္ကဋ္ဌ ဦးစိုင်းနိုင်ဝင်းမြင့်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ဆရာဦးခင်မောင်ထွေးက မူးယစ်ဆေးဝါး သုံးစွဲရခြင်း၏ အကြောင်းရင်းများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် မိတ်ဆွေဖွဲ့ခြင်းများအား ရှောင်ကြဉ်ရေး စသည့်အချက်များအားလည်းကောင်း၊ ဆရာမ ဒေါ်အေးအေးဖြိုးက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပွားတတ်သည့် ရောဂါလက္ခဏာများအကြောင်း၊ မူးယစ်ဆေးဝါး သုံးစွဲသူဘဝ မရောက်ရှိရန်အတွက် လိုက်နာရမည့် အချက်များအားလည်းကောင်း ဟောပြောခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ခွဲ) (ပြင်ဦးလွင်မြို့)မှ ဥက္ကဋ္ဌ ဦးစိုင်းနိုင်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် မေးခွန်းများအား မေးမြန်းခဲ့ပြီး လက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မိုးသီး**

## စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၇**

ကျောင်းသား၊ ကျောင်းသူများ စားသုံးသူကာကွယ်ရေး အသိပညာဗဟုသုတများရရှိစေရန်နှင့် ကျောင်းမုန့်ဈေးတန်းများတွင် စားသုံးရန်မသင့်စားသောက်ကုန်များ ရောင်းချမှုမရှိစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှူးရုံးမှ ကြီးမှူး၍ စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ် အမှတ်(၂၈) အခြေခံပညာအထက်တန်းကျောင်း စုပေါင်းစိမ်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် အမှတ်(၂၈) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိုးက အဖွင့်အမှာစကားပြောကြားပြီး ချမ်းမြသာစည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန ဦးစီး အရာရှိ ဦးတင်ချစ်ကောင်းက စားသုံးသူကာကွယ်ရေးအခွင့်အရေးများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ စားသုံးသူများ စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်၍ နစ်နာမှုရှိပါက 1535 စားသုံးသူ Call Center သို့ တိုင်ကြားနိုင်ကြောင်း အသိပညာပေး သရုပ်ပြဆောင်ရွက်ခဲ့ပြီး ကျောင်းအတွင်း မုန့်ဈေးတန်းများကိုလည်း သတ်မှတ်ချက်နှင့်အညီ ရောင်းချရန် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ **(ဝ၆၉)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စားသောက်ဆိုင် မီးလောင်မှုဖြစ်ပွား

**ကလော စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ သာမိုင်းခမ်းကျေးရွာ၌ စက်တင်ဘာ ၁၅ရက် မွန်းလွဲ ၂ နာရီ ၁၅မိနစ်ခန့်က ပိုင်ရှင် ဦးသက်မောင်လွင် (၃၃) နှစ်ဆိုသူ၏ 'ဇေင်' စားသောက်ဆိုင်ရှိ ပေ ၃၀×၃၀၊ သွပ်မိုး၊ ဝါးထရံကာ တစ်ထပ် မီးဖိုဆောင်ထဲတွင် ရေခဲသေတ္တာ Safeguard အပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကလောမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းယာဉ် သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် မီးငြိမ်းခဲ့သည်။ **(ဝဲပုံ)**



အဆိုပါမီးလောင်မှုကြောင့် ပေ ၃၀×၃၀၊ သွပ်မိုး၊ ဝါးထရံကာ တစ်ထပ်မီးဖိုဆောင် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဦးသက်မောင်လွင်ဆိုသူအား အောင်ပန်းနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## သစ်ပင်လဲကျပြီး လမ်းပိတ်နေသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**လယ်ဝေး စက်တင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၌ စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်ခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လုံးပတ် ၄ ပေ၊ အမြင့် ပေ ၃၀ ခန့်ရှိ ကျွန်းပင်သည် မြေပွ၍လဲကျပြီး လမ်းပိတ်နေကြောင်း သတင်းရရှိသဖြင့် လယ်ဝေးမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် ၉ မီတာ ကွန်ကရစ်ဓာတ်တိုင်လေးတိုင် ပျက်စီးဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## Aircon မီးပလပ်ခုံအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉/ခ)၊ ၇၉လမ်း၊ ၃လမ်းနေ ဒေါ်×××××ဆိုသူ၏ RC နှစ်ထပ်၊ ဒုတိယထပ်အခန်းအတွင်း၌ တပ်ဆင်ထားသည့် Aircon မီးပလပ်ခုံအပူလွန်ကဲပြီး မီးလောင်မှု စက်တင်ဘာ ၁၆ ရက် နံနက် ၁၀နာရီခွဲက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်တပ်ဖွဲ့ဝင် ၂၅ ဦးသည် မီးငြိမ်းသတ်ယာဉ် လေးစီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြပြီး အခန်းအတွင်းရှိ အဲယားကွန်း၊ မွေ့ရာ၊ သစ်သားမှန်တင်ခုံတို့ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူနေအိမ်ပိုင်ရှင် ဒေါ် ×××××× (၄၄)နှစ်ဆိုသူအား အမှတ်(၄) နယ်မြေရဲစခန်းမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(ဝ၅၇)**

# ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ်ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၁၇

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာမိုင်(၁၁/၆)နှင့် (၁၁/၇)အကြား နေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပုံကျမှုဖြစ်ပွားသည်။

အလားတူ ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂)နှင့် (၁၂/၃)အကြားရှိ စွန့်ပစ်တာ၌ ယနေ့နံနက် ပိုင်းတွင် အလျား ပေ ၁၆၀ ခန့် တာပြိုကျမှုထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။

## ဆောင်ရွက်လျက်ရှိ

အဆိုပါ တာကိုယ်ထည် တိုက်စားခံရမှုဖြစ်ပေါ် လျက်ရှိသည့် နေရာများ၌ ယာယီကာကွယ်နိုင်ရန် အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်း၊ စွန့်ပစ်တာ အလျား ပေ ၁၆၀ ခန့် ထပ်မံအိပုံပြိုကျသည့်နေရာအား တာခြေထောက်ခြင်း၊ ပန်းတာတည်ဆောက်ခြင်းစသည့် မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ခြင်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့အထိ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတာမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြပုံ။

နေပြည်တော် စက်တင်ဘာ ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ နေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါမြို့နယ်အတွင်း စုံစမ်းရှာဖွေဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၉ နာရီခန့်တွင် နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ကိုးဦး၊ အမျိုးသမီးတစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၅၀ တို့အား အလျားပေ ၆၀၊ အနံပေ ၂၀ အလုပ်ရုံ(သက်ကယ်မိုး/အုတ်ကာ) အဆောက်အအုံ တစ်လုံး၊ အလျားပေ ၅၀၊ အနံပေ ၂၀ အလုပ်သမားတန်းလျား (သက်ကယ်မိုး/ပျဉ်ကာ) အဆောက်အအုံတစ်လုံး၊ အလျားပေ ၄၀၊ အနံပေ ၂၀ လူနေဆောင် (သွပ်မိုး/အုတ်ကာ) အဆောက်အအုံ နှစ်လုံး၊ အလျားပေ ၃၀၊ အနံပေ ၂၀ (သွပ်မိုး/သွပ်ကာ) စားချက်ဆောင် တစ်လုံး၊ Star Link အစုံ ၂၀၊ Laptop ၂၅ လုံး၊ ALL In One Computer အလုံး ၂၀၊ ဖုန်းမျိုးစုံ ၂၁၇ လုံး၊ System ပုံး ကိုးလုံး၊ Printer နှစ်လုံး၊ ရေခဲသေတ္တာ တစ်လုံး၊ Freezer တစ်လုံး၊ ထိုင်ခုံမျိုးစုံ အလုံး ၅၀၊ မီးစက် (အကြီး) တစ်လုံး၊ အလျား သုံးပေ၊ အနံ ခြောက်ပေ စားပွဲ ၁၅ လုံး၊ ပန်ကာ လေးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်


နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား ဖမ်းဆီးရမိစဉ်။


နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို တွေ့ရစဉ်။


နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံနှင့် လုပ်ငန်းနေရာကို သိမ်းဆည်းရမိစဉ်။



# နိုင်ငံတကာ အားကစား သတင်းများ



## 2026 Jingshan Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၂၈ရက်တွင် စတင်မည်

**ပေကျင်း စက်တင်ဘာ ၁၇**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Jingshan Open တင်းနစ်ပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၂၈ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Jingshan Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၅ ရက်အထိ ၉ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Jingshan Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Jingshan Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ နယူးဇီလန်တင်းနစ်မယ် Lulu Sun ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## ဘာစီလိုနာအသင်းက ရေးဆင်းအသင်းကို ခုနစ်ဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ



**ဘာစီလိုနာ စက်တင်ဘာ ၁၇**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် ရေးဆင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက ရေးဆင်းအသင်းကို ခုနစ်ဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ (ဝဲပုံ)

ဘာစီလိုနာအသင်းအတွက် သွင်းဂိုး ခုနစ်ဂိုးကို ပွဲချိန် ၈မိနစ်တွင် ကန်ဆယ်လို၊ ပွဲချိန် ၂၅ မိနစ်၊ ၄၂ မိနစ်၊ ၆၇ မိနစ်တွင် ရာဖင်ဟာ၊ ပွဲချိန် ၃၆ မိနစ်တွင် ဗီလာလီဘာရီ(OG)၊ ပွဲချိန် ၇၉ မိနစ်တွင် ဂျေဖူး၊ ပွဲချိန် ၈၉ မိနစ်တွင် ယာမဲလ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၂၀ ရက်တွင် ဆီဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

## ဒင်းဟန်ဒါဆန် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ၂၀၃၀ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် စက်တင်ဘာ ၁၇**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းဂိုးသမား ဒင်းဟန်ဒါဆန်ကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက အလျင်အမြန် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ **(အောက်ယာပုံ)**

ဂိုးသမား ဒင်းဟန်ဒါဆန်သည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၉ ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြထားသည်။


အသက်(၂၉)နှစ်အရွယ်ရှိ ဟန်ဒါဆန်က "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ (NGB)



## နည်းပြ ရာဖယ်လီပါလာဒီနိုကို နည်းပြသစ်အဖြစ် ဘိုလော့ဂ်နာအသင်း ခန့်အပ်

**တူရင် စက်တင်ဘာ ၁၇**

ဘိုလော့ဂ်နာအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ရာဖယ်လီပါလာဒီနိုကို ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါနည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် မွန်ဇာ၊ ဖီအိုရင်တီးနား၊ အတ္တလန်တာ စသည့် ကလပ်အသင်းများကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဘိုလော့ဂ်နာအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အသက်(၄၂)နှစ်အရွယ်ရှိ ရာဖယ်လီပါလာဒီနိုက "ကျွန်တော် ဘိုလော့ဂ်နာအသင်း နည်းပြသစ်အဖြစ်ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(ဝဲပုံ)(NGB)

## ဂျိမ်းစ်ရိုဒရီဂွက်ဇ် လက်ရွေးစင်ကစားသမားဘဝမှ အနားယူမည်

**ဘိုဂိုတာ စက်တင်ဘာ ၁၇**

ကွင်းလယ်တိုက်စစ်ကစားသမားဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် နိုင်ငံအသင်းဖြစ်သည့် ကိုလံဘီယာလက်ရွေးစင်ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း အတည်ပြု ကြေညာခဲ့သည်။



အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ကိုလံဘီယာလက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၁ မှ ၂၀၂၆ ခုနှစ်အထိ နိုင်ငံတကာပွဲပေါင်း ၁၃၁ ပွဲကစားကာ ၃၁ဂိုးအထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သည်။

အသက်(၃၅)နှစ်အရွယ်ရှိ ဂျိမ်းစ်ရိုဒရီဂွက်ဇ်က "ကျွန်တော် လက်ရွေးစင်ကစားသမားဘဝမှ အနားယူတော့မှာပါ။ ကျွန်တော့် အသက်အရွယ်ကလည်း အနားယူရမယ့် အချိန်ရောက်နေပါပြီ။ လက်ရွေးစင်အသင်းနဲ့ ကစားခဲ့တဲ့အချိန်တွေကိုတော့ အမြဲအမှတ်ရနေမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ)(NGB)

## ဘစ်ဆူးမားကို အေဂျက်စ်အသင်း ခေါ်ယူ

**အမ်စတာဒမ် စက်တင်ဘာ ၁၇**

အေဂျက်စ်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်ကွင်းလယ်ကစားသမား ဘစ်ဆူးမားကို ရာသီကုန်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အေဂျက်စ်အသင်းတွင် ကျောနံပါတ် (၂၈)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဘစ်ဆူးမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဘရိုက်တန်၊ လိုင်လီ၊ စပါး စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အေဂျက်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ထို့ကြောင့် ဘစ်ဆူးမားအနေဖြင့် အေဂျက်စ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)




## ဂျာရတ်ဘရန့်ဝိတ်ကို ခေါ်ယူရန် မန်ယူအသင်း စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၁၇**

မန်ယူအသင်းသည် အဲဗာတန်အသင်း နောက်ခံကစားသမား




ဂျာရတ်ဘရန့်ဝိတ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၉ ပွဲကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

အဲဗာတန်အသင်းကလည်း ဂျာရတ်ဘရန့်ဝိတ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့်လာမည့် ဆောင်းရာသီဈေးကွက်တွင် အဲဗာတန်အသင်းမှ ဂျာရတ်ဘရန့်ဝိတ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့် ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၉-၉-၂၀၂၆<br>နံနက် ၀၁း၀၀ နာရီ | ဘိုင်ယန်မြူးနစ် - ယူနီယံဘာလင် | ဘိုင်ယန်မြူးနစ် ၄-၀ ယူနီယံဘာလင်<br>ယူနီယံဘာလင် ၂-၂ ဘိုင်ယန်မြူးနစ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၉-၉-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | အက်စ်ပန်ညို - အယ်လ်ချီ | အက်စ်ပန်ညို ၁-၀ အယ်လ်ချီ<br>အယ်လ်ချီ ၂-၂ အက်စ်ပန်ညို |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၉-၉-၂၀၂၆<br>နံနက် ၀၁း၁၅ နာရီ | မိုနာကို - လန်းစ် | မိုနာကို ၁-၄ လန်းစ်<br>လန်းစ် ၂-၃ မိုနာကို |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၉-၉-၂၀၂၆<br>နံနက် ၀၁း၁၅ နာရီ | ဖွန်တ - ဆက်ဆူအိုလို | ဖွန်တ ၁-၀ ဆက်ဆူအိုလို<br>ဆက်ဆူအိုလို ၀-၁ ဖွန်တ |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၉-၉-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | ဘရစ္စတိုး - ဝက်ဖို့ဒ် | ဘရစ္စတိုး ၁-၂ ဝက်ဖို့ဒ်<br>ဝက်ဖို့ဒ် ၁-၁ ဘရစ္စတိုး |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၉-၉-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | ဘရန့်ဖို့ဒ် - ချဲလ်ဆီး | ဘရန့်ဖို့ဒ် ၂-၂ ချဲလ်ဆီး<br>ချဲလ်ဆီး ၂-၀ ဘရန့်ဖို့ဒ် |

# Walk For Peace ဆရာတော်အား ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ဆက်ကပ်ချီးမြှင့်ပွဲ ကျင်းပရေးညှိနှိုင်းစည်းဝေး

**မန္တလေး စက်တင်ဘာ ၁၇**

ကမ္ဘာ့ဗုဒ္ဓသာသနာပြု Walk For Peace ဆရာတော် ဘဒ္ဒန္တပညာကာရအား ရန်ကင်းတောင် ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်က ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ဆက်ကပ်ချီးမြှင့်ပွဲ ကျင်းပရေးအကြို ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေရှိ ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်တွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြပြီး ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်ဒေါက်တာ ဘဒ္ဒန္တဓေတိကက အဖွင့်သြဝါဒ မိန့်ကြားသည်။ ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွှေကြေးစည်ဆရာတော်နှင့် ဥယျာဉ်စာသင်တိုက် ပဓာနနာယကဆရာတော် ပါမောက္ခဆရာတော်များနှင့် မော်ကွန်းထိန်းဆရာတော်၊ မန္တလေးတိုင်းသာသနာရေးဦးစီးဌာန ဒုတိယတိုင်းသာသနာရေးမှူး ဦးမြင့်ဇော်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိ သူများက အကြံပြုဆွေးနွေးလျှောက်ထားကြကာ ပါမောက္ခချုပ်ဆရာတော်က နိဂုံးချုပ်သြဝါဒကထာ ချီးမြှင့်၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းသည်။

Walk For Peace ဆရာတော် ဘဒ္ဒန္တပညာကာရအား နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်၏ တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ဆက်ကပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄ဝ)**



# လူငယ်စကားဝိုင်း ကျင်းပ

**တောင်တွင်းကြီး စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ငါးဆင့်)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ငါးဆင့်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းငွေက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး လူငယ်စကားဝိုင်းကိုစတင်ခဲ့ရာ ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်နှင့် အ.ထ.က(၂)မှ ဆရာမ ဒေါ်မေမြင့်ဝါတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ်ဆောင်ရွက်ခဲ့ပြီး အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ငါးဆင့်)Grade-9 မှ မောင်ဟန်သာမြတ်က "လူငယ်နှင့်မူးယစ်ဆေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -8 မှ မဂျူနဲဝသန့်က "လူငယ်နှင့်ကျန်းမာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ခန့်မင်းပိုင်က "လူငယ်နှင့်စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-7 မှ မမေမြတ်မွန်က "လူငယ်နှင့်အားကစား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -9 မှ မောင်မင်းထက်သာက "လူငယ်နှင့်နည်းပညာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မရှင်းရှင်းသန့်က "လူငယ်နှင့်ပညာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြ ပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အခမ်းအနားသို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ငါးဆင့်)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) နောင်နောင်(ဗိဿနိုးမြေ)**

# သင်္ဂဇာချောင်းကူး ချမ်းသာရတံတားပြန်လည်တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးသည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှု ကော်မတီအဖွဲ့ဝင် ဦးစန်းမောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၁၁ နာရီက သီရိဟေမာအနောက်ရပ်ကွက်အတွင်း ရှိ ငလျင်ဒဏ်သင့် သင်္ဂဇာချောင်းကူး ချမ်းသာရတံတားပြန်လည် တည်ဆောက်နေမှုအား ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာန ဌာနခွဲမှူး ဦးမျိုးချယ်သိုက်နှင့်တာဝန်ရှိသူများ၊ သီရိဟေမာအနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် ချမ်းသာရဘုရားဂေါပကအဖွဲ့ဝင်များက သီရိဟေမာအနောက်ရပ်ကွက်အတွင်းမှ ချမ်းသာရတံတားသည် ငလျင်ဒဏ်ကြောင့် ပျက်စီးနေသဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ ကြီးကြပ်မှုနှင့်အတူ လမ်းတံတားဌာနမှ တာဝန်ခံအင်ဂျင်နီယာများက အနီးကပ်ကြီးကြပ်၍ ပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အဆိုပါတံတားသည် ရှေးဟောင်းသမိုင်းဝင်တံတားဖြစ်ကြောင်း၊ သင်္ဂဇာချောင်းအရှေ့ဘက်နှင့် အနောက်ဘက်ကို ဆက်သွယ်ထားသော အများပြည်သူကူးသန်းသွားလာလျက်ရှိသည့် တံတားဖြစ်သောကြောင့် အချိန်မီပြီးစီးရန်လိုအပ်ကြောင်း၊ မူလလက်ရာ မပျက်ယွင်းအောင် ဂရုစိုက်ပြုပြင်ကြရန်လိုကြောင်းနှင့် တံတားကြီးရေရှည်ခိုင်ခံ့စေရန်အတွက် စံချိန်စံညွှန်းမီစွာဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်သည် သီရိဟေမာအနောက်ရပ်ကွက်၊ ၂၆လမ်းနှင့် အောက်ကမ်းနားလမ်းဆုံရှိ ထရန်စဖော်မာအားသွားရောက်စစ်ဆေးပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် ရာအိမ်မှူးများအား ထရန်စဖော်မာပတ်ဝန်းကျင်တွင် အမှိုက်သရိုက်များမရှိစေရန်နှင့် အန္တရာယ်ကင်းဝေးစေရေးတို့ကို အထူးဂရုပြုကြရန်မှာကြားခဲ့ပြီး ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ၉၁(အေ)လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြားအတွင်း ရေဆိုးထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ မြောင်းဆယ်လုပ်သားများဖြင့် မြောင်းစာများဆယ်ယူမှုတို့ကိုကြည့်ရှုပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၁)



**မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်အရှေ့ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ ကျန်းမာရေးအသိပညာပေးစောင့်ရှောက်မှုလုပ်ငန်းများကို စက်တင်ဘာ ၁၇ ရက်က မဟာအောင်မြေအရှေ့ရပ်ကွက် ဒေသန္တရကျန်းမာရေးမှ ဆရာမ ဒေါ်ဌေးဌေး၊ သူနာပြုတက္ကသိုလ်(မန္တလေး)မှ ဒေါက်တာလှမျိုးနွယ်နှင့် သူနာပြုဆရာမများက တစ်အိမ်တက်ဆင်း ဆောင်ရွက်ကြစဉ်။**

**အောင်ဇော်မင်း**

# ကျောင်းကောင်စီဖလားဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကျင်းပ

**တံတားဦး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ သူငယ်တော်ကျေးရွာ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းကောင်စီဖလားဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျေးရွာရှိ ကျောင်းတွင်းအားကစားပြိုင်ကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဆွေက အမှာစကားပြောကြားရာတွင် မိမိတို့အသင်း ရှုံးသည်၊ နိုင်သည်ကို အဓိကမထားဘဲ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားပြီး ကျေးရွာအထက်တန်းပြဆရာ ဦးရဲဝင်းက ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားကာ ကျန်စစ်သားအသင်းနှင့် ဗန္ဓုလအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ကျောင်းကောင်စီဖလားဘောလုံးပြိုင်ပွဲတွင် အသင်းငါးသင်းနှင့် ထ(ခွဲ)သူငယ်တော်အသင်း၊ စုစုပေါင်း ခြောက်သင်းက အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ) (၄၀၉)**



# အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ကမ္ဘောဇဘဏ်တို့ပူးပေါင်း၍ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုချေးငွေဆိုင်ရာလုပ်ငန်းများ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်းနှင့် ၃၄လမ်းထောင့်၊ ရတနာပုံကူပါစင်တာ၊ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်လတ်၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ညီနောင်အသင်းများမှ အဖွဲ့ဝင်များ၊ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကမ္ဘောဇဘဏ်(မန္တလေး)ရုံးခွဲ မန်နေဂျာက အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး SME ချေးငွေဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များ၏ သိလိုသောမေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (ဝ၄၅)**





# လူသုံးကုန်၊ အလှကုန်နှင့် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့မရပ်ကွက်ရှိ လူထုအခြေပြုဗဟိုစင်တာ၌ စက်တင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီမှ ဖွင့်လှစ်သည့် လူသုံးကုန်၊ အလှကုန်နှင့် တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက နှုတ်ခွန်းဆက် အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းသားများအတွက် စားသောက်စရိတ်နှင့် ဆန်များ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့် ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလှတို့မှ လူသုံးကုန်၊ အလှကုန်နှင့် တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းသုံးကုန်ကြမ်းများကို အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ရာ သင်တန်းနည်းပြဆရာမ ဒေါ်သဲနုစံနှင့် ဒေါ်နှင်းဝတ်ရည်ဦးတို့က လက်ခံရယူခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ သင်တန်းကို စက်တင်ဘာလ ၁၆ ရက်မှ ၂၂ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**

*-*-*-*-*-*-*





# (၁၄၃)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လှေအသင်း ၃၁ သင်း ပါဝင်ယှဉ်ပြိုင်မည်

**မိတ္ထီလာ စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ (၁၄၃)ကြိမ်မြောက် သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လှေအသင်း ၃၁ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အဆိုပါ လှေပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆန်းထံမှ သိရသည်။

"(၁၄၃)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦး စေတီတော်ဗုဒ္ဓပူဇနိယပွဲတော်မှာ ထည့်သွင်းကျင်းပမယ့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲမှာ အမျိုးသားအကြီးတန်းပြိုင်ပွဲဝင် ခြောက်သင်း၊ အငယ်တန်း ၂၀ သင်းနဲ့ အမျိုးသမီးအသင်း ငါးသင်း စုစုပေါင်း ၃၁သင်း ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဘုရားပွဲတော်ဖွင့်ပွဲကို စက်တင်ဘာ ၁၉ ရက်မှာ ကျင်းပတဲ့ လှေပြိုင်ပွဲကိုလည်း တစ်ပါတည်း ဖွင့်ပွဲကျင်းပလှော်ခတ်ပြသမှာဖြစ်ပေမယ့် ပြိုင်ပွဲကိုတော့ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းမှာ စတင်ကျင်းပသွားမှာဖြစ်ပါတယ်"ဟု လှေပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌက ပြောသည်။

လှေပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် လှေလမ်းကြောင်း အမှတ်သားမှုံးတိုင်များ စိုက်ထူခြင်းနှင့် ပွဲကြည့်စင်ဆောက်လုပ်ခြင်း လုပ်ငန်းများကို တာဝန်ရှိသူများ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။ စက်တင်ဘာ ၁၉ ရက်မှ စက်တင်ဘာ ၂၈ ရက်အထိကျင်းပမည့် (၁၄၃)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် ခင်းကျင်းရောင်းချမည့် ဆိုင်ခန်းများဆောက်လုပ် ပြင်ဆင်ခြင်း၊ ချားရဟတ်များ ဆောက်လုပ်ပြင်ဆင်ခြင်းများကိုလည်း ဈေးရောင်းချမည့်သူများနှင့် ဝန်ဆောင်မှုပေးမည့်သူများက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၅၃)**

# အမှတ်(၄)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၇**

ကျောင်းသား လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်း ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် အမှတ်(၄)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးချစ်သန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အသိပညာပေးဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထိုအခမ်းအနားသို့ မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဦးစီးအရာရှိ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**



## ရေချိုးတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ ။

# ထောပတ်သီးများ လှိုင်လှိုင်ဝင်ရောက်လာသဖြင့် ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းသက်သာ

**မန္တလေး စက်တင်ဘာ ၁၇**

ယခုနှစ် ထောပတ်သီးရာသီတွင် ထောပတ်သီးများ လှိုင်လှိုင်ဝင်ရောက်လာသဖြင့် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းများ သက်သာလာပြီး စားသုံးသူများအတွက် အဆင်ပြေသည့် အခွင့်အရေးတစ်ရပ် ဖြစ်ပေါ်နေကြောင်း ထောပတ်သီးရောင်းဝယ်ရေးလုပ်ကိုင်သူများထံမှ သိရသည်။

လက်ရှိ ပြည်တွင်း ထောပတ်သီး လက်ကားဈေးကွက်တွင် ပြည်ပတင်ပို့ရန် အဓိကထားစိုက်ပျိုးသည့် Hass အမျိုးအစား ထောပတ်သီး အကြီး၊ အလတ်အရော တစ်ကီလိုလျှင် ငွေကျပ် ၁,၉၀၀ ခန့်ဖြင့် ဈေးပေါက်နေပြီး အနည်းဆုံး ၃၅ ကီလိုမှ စတင်ဝယ်ယူရသည့် ဈေးနှုန်းဖြစ်သည်။

အလားတူ Hass ထောပတ်သီး အကြီးသီးသန့်မှာ တစ်ကီလိုလျှင် ငွေကျပ် ၂,၅၀၀-၃,၀၀၀ ခန့်ဖြင့် ဈေးပေါက်နေပြီး ငါးကီလိုမှ စတင်ဝယ်ယူရသည်။

အဆိုပါ ဈေးနှုန်းများသည် ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက သက်သာလာခြင်းဖြစ်ပြီး ယခုရာသီတွင် ထောပတ်သီးများ ခူးဆွတ်ရသည့်ကာလနှင့် တိုက်ဆိုင်နေသဖြင့် ပွဲရုံများသို့ ထောပတ်သီးများ လှိုင်လှိုင်ဝင်ရောက်နေသည်။

ထောပတ်သီးများ အလုံအလောက် ရရှိနေခြင်းကြောင့် စားသုံးသူများအနေဖြင့် အရည်အသွေးကောင်းမွန်သည့် ထောပတ်သီးများကို သင့်တင့်သည့် ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်မည်ဖြစ်သည်။

ထောပတ်သီးသည် သစ်သီးဝလံ အမျိုးအစားဖြစ်သည့်အတွက် ခူးဆွတ်ပြီး လတ်ဆတ်နေချိန်တွင် ရောင်းချနိုင်မှသာ အဆင်ပြေသဖြင့် ရောင်းချသူများအနေဖြင့် လတ်ဆတ်ချိန်တွင် ဈေးနှုန်းသက်သာစွာ ရောင်းချနေကြသည်။ ယင်းအခြေအနေသည် ပြည်တွင်းစားသုံးသူများအတွက် အရည်အသွေးကောင်းမွန်သည့် ထောပတ်သီးများကို လွယ်ကူစွာ ဝယ်ယူနိုင်သည့် အခွင့်အရေးတစ်ရပ်ဖြစ်လာသည်။

ထို့အပြင် ပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၅,၀၀၀ ဝန်းကျင်ရှိပြီး ပြည်ပသို့ တင်ပို့နိုင်ခြင်း မရှိသဖြင့် ပိုလျှံထောပတ်သီး တန်ချိန် ၁၅,၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**



# တတ်၊ သိ၊ ကျင့်၊ ကျော်၊ ညောင်ကန်ဆရာတော် ဦးဗုဓ်

ရဟန်းငယ်တစ်ပါးဟာ ကျမ်းတစ်စောင်လောက်တော့ ကြိုးစား ပြုစုရေးသားမယ်လို့ အကြံရပြီး အဘိဓမ္မာဆိုင်ရာ သဘောတရားတွေကို မိမိဉာဏ်မီသမျှ အကောင်းဆုံးရေးသားထားတဲ့ ‘ပေစာမူ’ကို ဆရာတော် ဦးဗုဓ်ထံ သွားရောက်အပ်နှံလိုက်ပါတယ်။ နှုတ်မှလည်း ‘ဆရာတော်ဘုရား၊ ဒီပေမူကို ကြည့်ရှုဝေဖန်သုံးသပ်ပြီး မှားယွင်းတဲ့ အချက်တွေ တွေ့ရှိခဲ့ရင် ထုံးစက်ပြတော်မူပါဘုရား’လို့လည်း လျှောက်တင်လိုက်ပါတယ်။ ဆရာတော်ဦးဗုဓ်က ‘အေး …မနက်ဖြန် ညနေမှ လာယူလှည့်’ဆိုကာ မိန့်လိုက်ပါတော့တယ်။ ဆရာတော် ဦးဗုဓ်က ပေစာကို သေသေချာချာဖတ်ရှုပြီးတဲ့အခါ အနီးရှိ ရဟန်းငယ်တစ်ပါးကို ‘ဟဲ့ … မောင်ပဥ္စင်း၊ ဒီပေစာကို လှေကားအောက်က ထုံးအိုးကြီးထဲမှာ မြုပ်အောင်နှစ်ထားလိုက်စမ်း’ အဲ့သလို မိန့်ဆိုပြီး ပေးလိုက်ပါတော့တယ်။ ရဟန်းငယ်လည်း ဆရာတော် အမိန့်ရှိတဲ့အတိုင်း ဆောင်ရွက်လိုက်ပါတယ်။ နောက်နေ့ညနေ ပေစာမူရှင် ရဟန်းငယ်လာတဲ့အခါ ‘ဟဲ့ … မောင်ပဥ္စင်း၊ နင့်ပေစာ လှေကားအောက်က ထုံးအိုးကြီးထဲမှာ သွားယူချေ’လို့ မိန့်ဆိုလိုက်ပါတော့သတဲ့။

သီတင်းဝါလကျွတ်ပြီးစ တစ်နေ့မှာတော့ သာမဏေငယ်တစ်ပါးဟာ ဆရာတော် ဦးဗုဓ် သီတင်းသုံးတဲ့ အုတ်ကျောင်းကြီးပေါ်ကို ရဲရဲဝံ့ဝံ့တက်လာခဲ့ပါတယ်။ စာကြည့်နေတဲ့ မြင်ကွင်းကြောင့် ဘာမှမလျှောက်ထားသေးဘဲ ဦးသုံးကြိမ်ချကာ ပုဆစ်တုပ်လျက် ဆရာတော့်အနီးမှာ ထိုင်စောင့်နေလိုက်ပါတယ်။ တစ်နာရီနီးပါးမျှ ထိုင်စောင့်နေပေမယ့် ဆရာတော်ဦးဗုဓ်ဟာ ပေစာနဲ့မျက်နှာမခွာဘဲ ကြည့်နေဆဲပါ။ ဒါကြောင့် ထိုင်စောင့်နေတဲ့ သာမဏေငယ်လေးက ‘ဆရာတော်ဦးဗုဓ်၊ ဆရာတော်ဦးဗုဓ်နဲ့ ကျမ်းတတ်တဲ့အရာမှာ နာမည်ကျော်လွန်းလို့ ဆရာတော့်ခြေရင်းကို လာခဲ့ရသူပါ။ အာဂန္တုက ဝတ်မကျေတာကိုမြင်တွေ့ရလို့ အနေခက်လှပါတယ်ဘုရား’တဲ့။ အသံကြားတာကြောင့် စောင်းငဲ့ကြည့်လိုက်တော့ ဆရာတော် ဦးဗုဓ်က သာမဏေငယ်ကို မြင်တွေ့သွားပါတယ်။ ‘သြော် … ဟုတ်ပေသားပဲ။ ကိုင်း … ကိုင်း ဖျာပေါ်ကို ကြွပါဗျာ’တဲ့။ ‘ကဲ … ဆိုစမ်းပါဦး၊ ဘာကိစ္စရှိလို့တုန်း’ဆရာတော်က မေးလိုက်ပါတယ်။ သာမဏေငယ်လေးကလည်း အရှင်ဘုရားဆီမှာ စာပြန်ချင်လို့ပါဘုရား’တဲ့။ ‘နေပါဦး … ကိုရင်က ဘာစာတွေများ ပြန်မှာလဲဗျ’တဲ့။ ဆရာတော်က ပြန်မေးလိုက်တဲ့အခါ သာမဏေငယ်လေးက ‘အရှင်ဘုရား စီရင်ရေးသားထားတဲ့ ‘ဓမ္မစကြာပါဠိအနက်’ကို ပြန်ဆိုလိုပါတယ်ဘုရား’တဲ့။ ‘ကဲ … ဒါဆိုရင်လည်း ကိုရင် ပြန်ဆိုပေတော့’လို့ ခွင့်ပြုလိုက်ပါတယ်။

သာမဏေငယ်လေးကလည်း ဆရာတော်ဦးဗုဓ်ရဲ့ ခွင့်ပြုချက်ရတာနဲ့တစ်ပြိုင်နက် ဆောင့်ကြောင့်ထိုင်ကာ ဆရာတော်ကို ရှိခိုး ဦးခိုက်လျက် ‘ဓမ္မစကြာပါဠိ’ကို အလျှင်ပြန်ဆိုပါတယ်။ ပါဠိပြန်ဆိုပြီးတဲ့အခါ အနက်(နိဿယ)ကို ဆက်လက်ပြန်ဆိုပါတယ်။ ဆရာတော်ဦးဗုဓ်ကလည်း ရိုသေစွာနားစိုက်ပြီး နာယူလျက်ရှိနေခဲ့ပါတယ်။ စာပြန်ဆိုပြီးတဲ့အခါ ဆရာတော်ဦးဗုဓ်က သာစုသုံးကြိမ် ကြည်နူးဝမ်းမြောက်စွာခေါ်ဆိုပြီး မောင်းထောင်ကလပ်ခွက်နဲ့ သင်္ကန်းတစ်စုံကိုထည့်လျက် ‘ဒီသင်္ကန်းကို ဝတ်ရုံတော်မူပါ ကိုရင်၊ တရားတော်ကို ဆောင်တဲ့ပုဂ္ဂိုလ်မို့ ချီးမြှောက်ပူဇော်တာပါ’တဲ့။ ဒီအကြောင်းကို အင်းဝနေပြည်တော်က မိဖုရားခေါင်ကြီး ရှင်မင်းနှ (နန်းမတော်မယ်နု) ကြားသိလိုက်တဲ့အခါ သာမဏေငယ်ကို သူ့ရဲ့ပဥ္စင်းလောင်းအဖြစ် သတ်မှတ်ကာ ကိုးကွယ်ဆည်းကပ်ခဲ့ပါတော့တယ်။ ‘ပညာရဲရင့်၊ ပွဲလယ်တင့်၊ ပညာရွှေအိုး၊ လူမခိုး’ဆိုရိုးစကားဆိုတာ ဒါကိုခေါ်တာပါ။ ဆရာတော်ဦးဗုဓ်ဟာ ရှင်ဘုရင်ရယ်၊ မိဖုရားခေါင်ကြီးရယ်လို့ မျက်နှာကြီးငယ် မလိုက်။ လာရောက်ဦးချရင်လည်း စကားမပြော။ ပေစာကိုသာ ကျောင်းတိုင်ကိုမှီလျက် ဖတ်ရှုလျက်သာ နေပါသတဲ့။ မိဖုရားခေါင်ကြီးက ကျောင်းအတွက် လိုအပ်မယ်ထင်တာမှန်သမျှ ကိုရင်၊ ကပ္ပိယတို့နဲ့သာ ဖြည့်ဆည်းလှူဒါန်းသမှုပြုရသတဲ့။

အင်းဝနေပြည်တော်ကြီးဟာ သီတင်းကျွတ်လနဲ့ တန်ဆောင်မုန်းလ ကထိန်ရာသီကို ရောက်တိုင်း တိုင်းသူပြည်သားနဲ့ မိဖုရားခေါင်ကြီးတို့ ပဒေသာပင်နဲ့တကွ ကထိန်သင်္ကန်းကို အပြိုင်အဆိုင် လှူကြတဲ့အခါ မိဖုရားခေါင်ကြီး ရှင်မင်းနှ(နန်းမတော်မယ်နု)က နှစ်စဉ်ရှုံးပါသတဲ့။ ဒါကြောင့် မှူးကြီးမတ်ကြီးတွေနဲ့တိုင်ပင်ကာ သူ အနိုင်ရအောင် ဘယ်လိုဆောင်ရွက်ရမလဲဆိုတာ အကြံတောင်းတော့ ပညာရှိအမတ်ကြီး ဦးပေါ်ဦးက လျှောက်တင်ရာမှာ တိုင်းသူပြည်သားတို့ဟာ ဆင်မြင်းရတနာ မြောက်မြားစွာမရှိပါ။ သို့အတွက် အရှင်မိဖုရားခေါင်ကြီး ဆင်ခင်း၊ မြင်းခင်း၊ ရာဇာဝင်း၊ ဒေဝါဝင်းခင်းတွေနဲ့ ကထိန်ခင်း၊ ပဒေသာပင်လှည့်မယ်ဆိုရင် နိုင်ပါလိမ့်မယ်လို့ လျှောက်တင်ချက်အရ အဲ့ဒီနှစ်မှာ မိဖုရားခေါင်ကြီးက အနိုင်ရခဲ့ပါတယ်။ ကထိန်သင်္ကန်းနဲ့ ပဒေသာပင်ရေစက်ချအပြီးမှာတော့ မိဖုရားခေါင်ကြီးက ဆရာတော်ဦးဗုဓ်ကို လျှောက်တင်လိုက်ပါတယ်။ ‘ဆရာတော်ဘုရား၊ တပည့်တော်မဟာ ဒီကထိန်ပွဲနဲ့ ပဒေသာပင်ပွဲကျင်းပရာမှာ ငွေသုံးကုဋေ ကုန်ကျခဲ့ပါတယ်ဘုရား။ ဒီအလှူအတွက် ကုသိုလ်အကျိုး ဘယ်လောက်ရှိမလဲဘုရား’တဲ့။ ဆရာတော်က ‘ဟဲ့ …မိနှ၊ သောက်ရေတစ်ခွက်ခပ်ခဲ့။ အဲ့ဒီခွက်ထဲကရေကို အောက်ခံခွက်ထဲ ‥ သွန်လိုက်စမ်း’တဲ့။ ‘သွန်ပြီးပါပြီဘုရား’တဲ့။ ‘သောက်ရေခွက်ထဲမှာ ဘာကျန်သလဲဟဲ့’ ‘ရေအကပ်လေးပဲ ကျန်ပါတယ်ဘုရား’တဲ့။ ‘ဟဲ့ … မိနှ၊ အဲ့ဒါနင်ရတဲ့ ကုသိုလ်ပဲတဲ့၊ မိနှရဲ့’တဲ့။ ‘ဟင် …ဒါဖြင့် ကုသိုလ်အရ နည်းလှချည့်လား ဘုရား’တဲ့။ ‘နည်းမှာပေါ့ … ငါက မိဖုရားခေါင်ကြီး၊ ငါ့ကို လာမပြိုင်နဲ့၊ ငါလို ဆင်ခင်း၊ မြင်းခင်း၊ ရာဇာဝင်း၊ ဒေဝါဝင်း၊ ဝင်းခင်းတွေနဲ့ ဘယ်သူလှူနိုင်သလဲလို့ စော်ကား၊ မော်ကြွား၊ အတ္တမာနတွေထားတာကိုးဟဲ့ နည်းမှာပေါ့’တဲ့။

တကယ်တော့ ကထိန်သင်္ကန်းလှူတယ်ဆိုတာ ကထိန်သင်္ကန်းကို ‘သံဃိကဒါန’အနေနဲ့ သံဃာကိုပဲ လှူရတာဖြစ်ပါတယ်။ ကထိန်ပွဲပြီးတော့ ဆရာတော်ဦးဗုဓ်က သံဃာတော်တွေ အကုန်ပင့်ဖိတ်လိုက်ပါတော့တယ်။ သံဃာထုထဲက ‘အနွမ်းပါးဆုံး ရဟန်းငယ်ကလေး’ကို ကထိန်သင်္ကန်းလှူလိုက်တဲ့အခါ ရင်းနှီးတဲ့ သံဃာတစ်စုက ‘မိဖုရားခေါင်ကြီးက ကိုယ်တော့်အတွက် ရည်စူးထားတာ၊ အခုလို သိမ်ငယ်တဲ့ ရဟန်းလေးကို လှူလိုက်တော့ မိဖုရားခေါင်ကြီး စိတ်မကောင်းလောက်ဘူးဘုရား’တဲ့။ ဒီအခါ ဆရာတော်ဦးဗုဓ်က ‘ကိုယ်တော်တို့ဟာ အဲ့ဒါခက်တာပဲ။ ကထိန်ခင်းတဲ့ ရည်ရွယ်ချက်ကိုက သင်္ကန်းနွမ်းပါးတဲ့ ရဟန်းတော်တို့အတွက် ကထိန်ပွဲ လုပ်ရတာပါ။ ကိုယ်တော်တို့ကို တပည့်တော်မေးမယ်နော်။ ကိုယ်တော်တို့၊ တပည့်တော်တို့ဟာ ဘုရားသာသနာမှာ နေတာလား၊ မိဖုရားသာသနာမှာ နေတာလား’တဲ့။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ညောင်ကန်ရွာက ဆရာတော်ဦးဗုဓ်ရဲ့ မယ်တော်ကြီးဟာ သားကိုလွမ်းဆွတ်သတိရတဲ့အတွက် အင်းဝနေပြည်တော်ရှိ သားသီတင်းသုံးရာ ‘မယ်နုအုတ်ကျောင်းတော်ကြီး’ကို ရောက်လာခဲ့ပါတယ်။ သားဆရာတော်ကို ဦးချကန်တော့လျက် အချိန်အတော်ကြာအောင်ထိုင်နေပေမယ့် သားဆရာတော်ကဖြင့် ပေစာကြည့်မပျက်၊ နှုတ်မဆက်။ ဝမ်းနည်းလွန်းလို့ မယ်တော်ကြီးက ရှိုက်ကြီးတငင် ငိုကြွေးနေပါတော့တယ်။ သားဆရာတော်က မယ်တော်ကြီးကိုကြည့်ပြီး ‘ဘာဖြစ်လို့ ငိုနေရတာတုန်း’တဲ့။ ‘တပည့်တော်မဟာ သားကိုလွမ်းလွန်းလို့ ညောင်ကန်ရွာကနေ အရှင်ဘုရားဆီကို ခက်ခက်ခဲခဲနဲ့ အရောက်လာခဲ့ရတာပါ။ ဒီရောက်လို့ ဦးချတဲ့အခါ မောင်ပဥ္စင်းက ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်လိမ့်မယ်ထင်ထားတာ၊ စာကြည့်တောင်မပျက်ဘူးဆိုတော့ ဝမ်းနည်းပြီး ငိုတာပေါ့ဘုရား’တဲ့။ ‘မယ်တော်ကြီး၊ ဒီလိုငိုခဲ့ရတဲ့ဘဝတွေဟာ မရေမတွက်နိုင်တော့ဘူးဗျ၊ ဟဲ့ … ကပ္ပိယကြီး၊ ဒါ ငါ့မယ်တော်ကြီး၊ သင့်တော်တဲ့နေရာမှာ စောင့်ရှောက်ထားလိုက်ပါ’တဲ့။ မယ်တော်ကြီးရောက်လာပြီး လအတန်ကြာတဲ့အခါ ကျောင်းရဲ့ဝေယျာဝစ္စ မလုပ်နိုင်တဲ့ အမယ်အိုကြီးအတွက် ရွတ်ဆိုရလွယ်ကူတဲ့ ဘုရားရှိခိုးစာကို ရေးသားပေးပို့ကာ နေ့စဉ် ဘုရားရှိခိုးစေခဲ့ပါတယ်။ လအတန်ကြာလာတော့ ရွာသံယောဇဉ်ကြောင့် ညောင်ကန်ရွာကို ပြန်သွားပါလေရော့။

နှစ်အနည်းငယ်ကြာပြန်တော့ သားရဟန်းကို သတိရတဲ့ သံယောဇဉ်ကြောင့် အင်းဝရွှေမြို့တော်(နေပြည်တော်)ကို နောက်တစ်ခေါက်ပြန်ရောက်လာတဲ့အခါ မိဖုရားခေါင်ကြီးက နန်းတော်ရှေ့ရပ်ကွက်မှာ အိမ်တစ်ဆောင်ဆောက်ပေးပြီး လိုအပ်သမျှ ထောက်ပံ့စောင့်ရှောက်ထားခဲ့ပါတယ်။ တစ်နေ့ မယ်တော်ကြီး ရေချိုးနေခိုက် နန်းရှေ့ရပ်ကွက် မီးလောင်ပါလေရော။ မယ်တော်ကြီးလည်း ထဘီရင်ရှားနဲ့ တဘက်ကို ရင်မှာပတ်ကာ သားကျောင်းကို ငိုယိုပြီးသွားလျက် ‘မောင်ပဥ္စင်းရေ မယ်တော်ကြီးအိမ် မီးလောင်သွားလို့ ခါးက ထဘီနဲ့ တဘက်တစ်ထည်ပဲ ရလိုက်တယ်၊ ဘာပစ္စည်းမှ မရလိုက်ဘူး’တဲ့။ ‘အင်း … ဒကာမကြီး တစ်သံသရာလုံး လောင်လာတဲ့မီးကိုတော့ ကျုပ်မတားဆီးနိုင်ဘူး၊ ကုသိုလ်ကံကသာ အေးငြိမ်းအောင် တတ်နိုင်တယ်။ မယ်တော်ကြီး၊ မီးလောင်လို့ဆင်းရဲနေသလား’တဲ့။ ‘ဆင်းရဲတာပေါ့ မောင်ပဥ္စင်းရယ်။ တစ်သက်နဲ့တစ်ကိုယ် ဒီလိုဆင်းရဲတာမျိုး မကြုံဖူးဘူးဘုရား’တဲ့။ ‘အင်း … မယ်တော်ကြီး သိပ်ဆင်းရဲနေတော့ ချမ်းသာချင်ရင် ခင်ဗျားရင်မှာ လွှမ်းထားတဲ့တဘက်ကလေး ကျုပ်ကိုလှူခဲ့’တဲ့။ ဒီအကြောင်းကို နန်းတွင်းသူ၊ နန်းတွင်းသားတွေအားလုံး ကြားသိသွားကြတာပေါ့။ မယ်တော်ကြီးအိမ် မီးလောင်တဲ့အထဲပါသွားလို့ အားကိုးရလိုရငြား ထဘီရင်ရှား တဘက်ကလေးရင်လွှမ်းသွားခဲ့တာ။ သားဆရာတော်က တဘက်ကို အလှူခံထားလိုက်သတဲ့ဆိုတဲ့ သတင်းကြောင့် ဝိုင်းဝန်းပေးကမ်းကြတဲ့အတွက် အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ အရင်ကထက် ပေါများလာပါသတဲ့။ မိဖုရားခေါင်ကြီးကလည်း မယ်တော်ကြီးကို နန်းတွင်းမှာ ခေတ္တခေါ်ထားပြီး မကြာမီ အိမ်အသစ်တစ်လုံး ပြန်ဆောက်ပေးလိုက်ပါတယ်။

မယ်တော်ကြီးဟာ အိမ်အသစ်မှာပဲ တစ်နှစ်နီးပါးလောက် နေသွားပြီး ကွယ်လွန်သွားရှာတယ်။ မယ်တော်ကြီး အိမ်အသစ်ကလေးမှာ ကွယ်လွန်သွားပါကြောင်း ဆရာတော်ဦးဗုဓ်ကို သွားရောက်လျှောက်ထားတဲ့အခါ ‘အေး … သေရင်လည်း သင်္ဂြိုဟ်လိုက်ကြတာပေါ့’လို့သာ အမိန့်ရှိပါတယ်။ တခြား ဘာမှမပြော။ မယ်တော်ကြီးရဲ့ အသုဘကို မဟာအောင်မြေဘုံစံကျောင်း (မယ်နုအုတ်ကျောင်း) နံဘေးကနေ ချသွားတဲ့အခါ ကျောင်းအနီးကပ်ရောက်တော့ ‘ကြေးစည်၊ စည်မောင်းများ’ဆူညံအောင်တီးနေပေမယ့် ဆရာတော်ဦးဗုဓ်က စာကြည့်မပျက်။ ဘယ်သူကမှလည်း မလျှောက်ထားဝံ့ကြ။ ကျောင်းတိုက်ရှိ တိုက်အုပ်၊ တိုက်ကြပ် ဆရာတော်လေးများက ‘မယ်တော်ကြီးရဲ့ ဈာပန ချလာတာ ကျောင်းတိုက်အနီးရောက်နေပါပြီဘုရား’လို့ လျှောက်ထားကြမှ ပြတင်းပေါက်ကနေ မတ်တတ်ရပ်ကြည့်ပြီး ‘အင်း … မယ်တော်ကြီးက တို့အရင်ကျသကိုး၊ သွားနှင့်ပေဦးတော့’လို့သာ မိန့်ဆိုလိုက်ပါတော့တယ်။

ကျွန်ုပ်စာဖတ်၊ ပရိသတ်အား၊ မြင့်မြတ်စိတ်ထား၊ ကုသိုလ်ပွားအောင်၊ ကြိုးစားကာပင်၊ ရေးစီရင်သည်၊ ကြည်လင်ချမ်းမြေ့ကြပါစေ။

**စာကိုး** -

၁။ ညောင်ကန်သာသနာဝင်သမိုင်း။

၂။ စာရေးသူ၏ ကြားဖူးနားဝမှတ်စု

**အင်ကြင်းစု-မျိုးချစ်ဆွေ(မန္တလေး)**

# သာစည်မြို့ အ.ထ.က(၂)၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ကျင်းပ

**သာစည် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲက သာစည်မြို့ အ·ထ·က (၂) သုရိယခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးချစ်ရဲက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက လူငယ်စကားဝိုင်းကျင်းပခြင်း ရည်ရွယ်ချက်များနှင့် လူငယ်ရေးရာတို့ကို အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ အ·ထ·က(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဲ့လှဲ့စိမ်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ Grade-10နှင့် Grade-9တို့မှ ကျောင်းသား၊ကျောင်းသူ ငါးဦးက ပုလဲကောင်းလိုသော် နက်နက်ငုပ်၊ ကိုယ်သာလျှင် ကိုယ့်ဘဝရဲ့ ပဲ့ကိုင်၊ ကိုယ့်ဝန်းကျင်ကိုပါ စင်ကြယ်စေနိုင်သူ၊ တွေဝေခြင်းကို ကျော်ခိုင်းခြင်း၊ အပြုအမူကောင်းတို့အတွက် ရည်မှန်းချက် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မိမိတို့ အမြင်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက အသိပညာပေးပြသထားသော နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၈၇)**





# ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**တာလေ စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီက အဆိုပါရုံးရှိ လူထုအခြေပြု ဗဟိုဌာန (Community Centre) ခန်းမ၌ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲဝင် ကလေးများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပုံပြင်ပြောပြိုင်ပွဲ ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား လူငယ်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုလက်ဆောင်နှင့် ပြိုင်ပွဲဝင်ကလေးများအား အာဟာရပြည့် မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၁၇**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့၊ ရွှေမင်းဝံ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များအား ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာ၊ ဗဟုသုတများ ပြည့်စုံစေရန်၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်အတွက် စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုကြရေး၊ ငယ်စဉ်ကပင် စာဖတ်သည့် အလေ့အကျင့်ကောင်းများကို ပျိုးထောင်ကြရေး၊ အနာဂတ်တွင် နိုင်ငံတော်က အားထားရသည့် မျိုးဆက်သစ်လူငယ်လေးများ ဖြစ်လာစေရေး စသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက Mobile Library စနစ်ဖြင့် သုတ၊ ရသ စာအုပ်များ အခမဲ့ငှားရမ်းပေးခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များ ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**



ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာအုပ်၊ စာစောင်ပြပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီက ကျင်းပရာ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာဆောင်များအား ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြစဉ်။ **စုစုအေး(ကျောက်ဆည်)**






ဖတ်စရာ၊ မှတ်စရာ
စုံလင်
ကြေးမုံ

## ပညာရတနာ

* စိန် ၊ ရွှေ ၊ ငွေ ၊ ဥစ္စာ
များသူငါ နှစ်သက်
စွဲမက်စရာ ။

* ငွေကြေးခနဲ
သင်္ခါရနဲ့ မကင်းမူ
ရန်သူမျိုး နိုပ်စက်
ဖျက်သူက ဖျက်
ပျက်ချိန် ပျက်၏ ။

* ပညာ ၊ ဥစ္စာ
ရတနာပေမို့
နေ့စဉ်အမြဲ ဖွေရှာ
ဘဝပြဿနာ ဖြေရှင်းနိုင်ဖို့ ။

* ပညာ ၊ ဥစ္စာ
ရတနာပေမို့
နေ့စဉ်အမြဲ ဖွေရှာ
အလုပ်ဟူသမျှ ပြီးမြောက်နိုင်ဖို့ ။

* ပညာ ၊ ဥစ္စာ
ရတနာပေမို့
နေ့စဉ်အမြဲ ဖွေရှာ
မိတ်ဆွေလျှောက်တဲ့လမ်း
ပန်းမွှေ့ရာ ကော်ဇောခင်းဖို့ ။

* ပညာ ၊ ဥစ္စာ
ရတနာပေမို့
နေ့စဉ်အမြဲ ဖွေရှာ
ဆင်းရဲဒုက္ခအပေါင်း လွတ်ငြိမ်းအောင်ဖို့ ။

* ပညာ ၊ ဥစ္စာ
ရတနာပေမို့
ဘယ်သူခိုးလို့ ယူနိုင်ပါ့မယ်
ဘဝဝယ် တက္ကသိုလ်မို့
လူသားတိုင်း ပညာတိုးဖို့
နေ့စဉ်ကြိုးလို့ ရှာကြစို့ ။ ။

မြတ်ထေရ်ကျော်



## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆေးပဒေသာပင်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် ဖခင် ဦးထွန်းကြည် (၅)နှစ်ပြည့်အားရည်စူး၍ ဗိုလ်မှူး တင်ထွန်းဦး(မန်းစည်ပင်)+ဒေါ်ခင်မာမာကို မိသားစုက ဆေးပဒေသာပင် ငွေကျပ် ၁၀ သိန်းကို လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ဥက္ကဋ္ဌ-သုခမ္မမဏိဇောတခရေ ဦးစိုးလင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ-ဦးစိုးလွင်၊ ဆေးရုံအုပ်ကြီးဒေါက်တာဦးမြတ်ကျော်၊ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းနှင့် ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူခဲ့သည်။

အလှူရှင်များ လှူဒါန်းနိုင်ရန်အတွက် ရေပဒေသာပင်၊ လျှပ်စစ်မီးပဒေသာပင်၊ အဆောက်အအုံပြုပြင်ထိမ်းသိမ်းရေး ပဒေသာပင်၊ အောက်ဆီဂျင်ဌာန ကျောက်ကပ်ဆေးသံဃာတစ်ဦးအတွက် တစ်ကြိမ်စာ ကျောက်ကပ်ဆေးခြင်း အလှူငွေကျပ် ငါးသောင်း၊ မျက်စိခွဲစိတ်သံဃာတော်တစ်ပါးအတွက် မျက်စိခွဲစိတ်ခြင်း တစ်ကြိမ်စာအတွက် ငွေကျပ်ကိုးသောင်း၊ ဆေးပဒေသာပင်အလှူ၊ ဆွမ်းပဒေသာပင်အလှူ၊ ဂိလာနသံဃာတော်များအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းအလှူများကို ဆွမ်းကပ်လှူရန် နံနက်အရုဏ်ဆွမ်း(ဆန်ပြုတ်) ငွေကျပ် ငါးသောင်း၊ (သို့မဟုတ်) ထမင်းဆီဆမ်း+ကြက်ဥကြော် ငွေကျပ်တစ်သိန်းခွဲဖြင့် ကပ်လှူနိုင်သည်။

အာရုဏ်+နေ့ဆွမ်း+ညနေဆွမ်း ၃၀ စာအတွက် ငွေကျပ် ငါးသိန်းဖြင့် လှူဒါန်းနိုင်သည်။ အလှူရေစက်ချ တရားနာလိုပါက အလှူရှင်ဆန္ဒရှိသော သံဃာအရေအတွက်အား ပင့်ဖိတ်၍လည်း အလှူများ လှူဒါန်းနိုင်ပြီး အလှူရှင်များ မည်သူမဆို မိမိစေတနာအလျောက် လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ကဆ)**

## အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်

**ကန့်ဘလူ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် မြို့နယ်သမဝါယမအသင်းစု၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ (ယောင်း) ဦးထင်လင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်ချက်များနှင့်ဆောင်ရွက်သည့် လုပ်ငန်းများကို ကဏ္ဍအလိုက် ဆွေးနွေးပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းသူက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသင်းအမှုဆောင်အသစ် ရွေးချယ်ဖွဲ့စည်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ တာဝန်ရှိသူများက အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ရယူကာ အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မန္တလေး(သို့မဟုတ်)စီးပွားရေးဆုံမှတ် အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်




**မန္တလေး စက်တင်ဘာ ၁၇**

မြန်မာ-တရုတ်ကုန်သည်များအသင်း(အထက်မြန်မာပြည်)မှ စီစဉ်ကျင်းပသော စီးပွားရေးဆိုင်ရာအထောက်အကူပြု "မန္တလေး(သို့မဟုတ်) စီးပွားရေးဆုံမှတ်" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို စက်တင်ဘာ ၂၀ရက် နံနက် ၉ နာရီမှ ၁၂နာရီအထိ ချမ်းအေးသာစံမြို့နယ်၊ ကမ်းနားလမ်း၊ ကြင်တော်ယန် ဘုရားကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်သည်။

မန္တလေး(သို့မဟုတ်)စီးပွားရေးဆုံမှတ် အခွင့်အလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဘောဂဗေဒအသင်း၊ ဘာသာရပ်ပြန့်ပွားရေးနှင့် ပြင်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ထူး၊ ရောဝတီဘဏ် Vice Chairman ဦးမြင့်ဇော်၊ Myanmar Resources Network Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသူရိန်ငြိမ်းနှင့် Five Ocean Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာဒေါ်ရွှေလှတို့က ဆွေးနွေးကြမည်ဖြစ်ပြီး Moderator အဖြစ် ဖွံ့ဖြိုးရေးသုတေသီ ဦးဇေယျာသူက ဆောင်ရွက်သွားမည်ဖြစ်သည်။

တက်ရောက်လိုသော လူငယ်စီးပွားရေးလုပ်ငန်းရှင်များ ဖုန်း-၀၉-၇၈၃၃၈၉၃၃၈ နှင့် ၀၉-၆၇၈၆၇၈၃၈၉တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(အပေါ်ဓါတ်ပုံ)**

**(၀၄၅)**

## ပလတ်စတစ် သုံးစွဲမှုလျှော့နည်းရေး ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ ဖြန့်ဝေ



**ကံမ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် ကြွပ်ကြွပ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ် အစားထိုး အင်ဖက်များ အခမဲ့ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇နာရီက အဆိုပါ ဈေးအတွင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**ဇော်ထက်(သရက်)**

## ဆိုလာမီး 300w အလုံး ၅၀ ကျော် တပ်ဆင်

**မိုင်းဖြတ် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် မြို့သာယာလှပရေး၊ ညပိုင်းတွင် အများပြည်သူများ စိတ်အေးချမ်း လုံခြုံစွာ သွားလာနိုင်ရေးအတွက် ရည်ရွယ်၍ ပြည်ထောင်စုလမ်းမကြီး လမ်းဘေးတစ်လျှောက် လိုအပ်သည့်နေရာများတွင် တပ်ဆင်ပြီးစီးခဲ့ကြောင်း စက်တင်ဘာ ၁၅ ရက်က တာဝန်ရှိသူများထံမှ သိရသည်။

ထိုသို့ ဆိုလာမီးများတပ်ဆင်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးနှင့် ကော်မတီဝင်များ၏ ကြီးကြပ်မှု၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စက်တင်ဘာလဆန်းပိုင်းမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆိုလာမီးသီးများ တပ်ဆင်မှုမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

"အဆိုပါ ဆိုလာမီးသီးများ တပ်ဆင်မှုနှင့် ပတ်သက်၍ ကျွန်တော်တို့ ယခုဆောင်ရွက်တာက ဆိုလာမီးသီး (300W) အလုံးရေ ၅၀ ကျော်ကိုတပ်ဆင်တာပါ၊ ညနေ ၆ နာရီ မီးလင်း၊ နံနက် ၆ နာရီ မီးပိတ်၊ အလိုအလျောက် မီးလင်း၊ မီးပိတ်စနစ်ဖြစ်ပါတယ်၊ ရန်ပုံငွေကတော့ ဌာနဆိုင်ရာများ၊ အလှူရှင်များ ပူးပေါင်းပြီး လူသွားလာမှုများတဲ့ နေရာတွေ၊ အလင်းရောက် လိုအပ်တဲ့နေရာတွေကို ဦးစားပေးတပ်ဆင်တာဖြစ်ပါတယ်"ဟု မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက ပြောသည်။ **(အောက်ပုံ)**

**သန်းထွန်းအေး(မိုင်းဖြတ်)**



ကွန်ဟိန်းမြို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သဲမာက ဟောပြောစဉ်။

မြို့နယ်ပြန်/ဆက်



**ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်ကြပါစို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၂၈)၊ ဦးပိုင်နံပါတ်(၅၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိမြေနေရာချထားပေးခြင်းခံခဲ့ရသူ (ဖခင်)ဦးကျော်ရှိန် ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိပူးတွဲအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးသန်းထွန်းအောင်(၉/မနတ(နိုင်)၀၃၇၅၆၈)၊ ဦးကျော်စိန်ဝင်း(၉/မနတ(နိုင်)၀၃၇၅၆၉)၊ ဦးစိုးမိုးလှိုင်(၉/မနတ(နိုင်)၁၀၀၅၇၆)၊ ဒေါ်နှင်းလှ(၉/မနတ(နိုင်)၁၀၀၅၄၉)နှင့် ဒေါ်စန္ဒာဝင်း(၉/မနတ(နိုင်)၁၀၀၅၇၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၆)၊ ဦးပိုင်နံပါတ်(၃၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမောင်ဝင်းသိန်းအမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ခဲ့သူ (ခင်ပွန်း)ဦးလှဝင်း ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ဇနီး)ဒေါ်မြင့်မြင့်မော်(ဘ)ဦးတိုက်ကျော်(၉/မခန(နိုင်)၀၁၄၈၀၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၀)၊ ဦးပိုင်နံပါတ်(၁၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ (ပေ၆၀×၄၅ပေ)အကျယ်အဝန်းရှိ ဦးထွန်းအောင်အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း (ပေ၃၀×၄၅ပေ)ပေထဲမှ တောင်ဘက်ပိုင်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန္ဒာ(ဘ)ဦးဇော်ဝင်း(၁၂/ဒဂဆ(နိုင်)၀၀၉၄၃၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၂)၊ ဦးပိုင်နံပါတ်(၃၅-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ ဦးလှဖေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းဗိုလ်(ဘ)ဦးဘသန်း(၉/မရတ(နိုင်)၁၀၂၁၆၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## မိဘအမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်း Grade-12(A) မှ မရွှန်းလဲ့ဟေသာ၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးပြည့်သာနှင့် ဒေါ်နော်ထူးဖော**တို့ ဖြစ်ပါကြောင်း။

**ဦးပြည့်သာ(၅/ဘတလ(နိုင်)၀၄၇၇၈၃)**
**ဒေါ်နော်ထူးဖော(၁၄/ကကထ(နိုင်)၁၇၁၃၁၂)**

## အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင် အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မမိုးမဥူကိုကို၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **မမိုးမဥူကို** ဖြစ်ပါကြောင်း။ **မမိုးမဥူကို**

**(၅/ရဥန(နိုင်)၁၄၂၄၅၀)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၈၃၈)၊ ဦးပိုင်အမှတ်(၁၀၇)၊ ဧရိယာ ပေ(၃၀×၃၀) အကျယ်အဝန်းရှိ ဦးပြား အမည်ပေါက် ဂရန်မြေကွက်၏ **တောင်ဘက်ခြမ်း ဧရိယာ အရှေ့-အနောက်ပေ(၃၀)၊ တောင်-မြောက်(၁၅)ပေ** အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး(၂)ထပ်အဆောက်အဦး၊ ရေမီတာ၊ မီးမီတာ(ဆက်လက်သုံးစွဲခွင့်) အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ၊ စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရှိသူဟု အဆိုပြုသူ ဦးဆန်းဦး(ဘ)ဦးဘမောင်(၉/မရတ(နိုင်)၀၀၄၄၃၃) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများ၊ သက်ဆိုင်ရာတရားရုံးတို့၏ စီရင်ချက်၊ ဒီကရီများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေလှိုင်သင်းသင်း (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၆၆လမ်း၊ ၁၂လမ်းနှင့် ၁၃လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၀၆၆၇၉၄၊ ၀၉-၇၆၁၆၉၉၇၆၇**

## ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပုလိပ်မြို့၊ ဝန်ထမ်းကွက်သစ်ရပ်ကွက်နေ(၇/ရတန(နိုင်)၀၀၁၇၇၆) ကိုင်ဆောင်သူ ဒေါ်ခင်နှယ်နှယ်စိုး(ဘ)ဦးအောင်ကျော်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေက ဦးဇော်မင်းလွင်ထံမှ ဝယ်ယူခဲ့သော မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၄၀-ဖ၊ဗ) မြေပေါ်တွင် ဆောက်လုပ်ထားသော အာရ်စီ(၅)ထပ် အဆောက်အဦ၏ တိုက်အမှတ်(F)၊ ပထမထပ်၊ အခန်းအမှတ်(၉)နှင့် ပတ်သက်ပြီး ဦးဇော်မင်းလွင်နှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန် (၂-၇-၂၀၂၅)ရက်က မန္တလေးနေ့စဉ်သတင်းစာတွင် ကြေညာခဲ့ပါသည်။

ယင်းကြေညာမှုနှင့်ပတ်သက်ပြီး ဦးဇော်မင်းလွင်နှင့် ကျွန်ုပ်၏မိတ်ဆွေတို့က ဝယ်ယူသည့်တိုက်ခန်းနှင့်ပတ်သက်ပြီး၊ ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသည်။ ယခုအခါ နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆောင်ရွက်မှုပြေလည်ခဲ့၍ ကျွန်ုပ်မိတ်ဆွေက မိမိဝယ်ယူခဲ့သည့် တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိကြောင်း အများသိစေရန် ရှင်းလင်းအသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်ခင်နှယ်နှယ်စိုး**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စန်းယုခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၂၈၆)**
**လမ်း၉၀၊ ၃၅(B)လမ်း၊ စိန်ပန်းရပ်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၄၅၃၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၉)၊ ဦးပိုင်(၉)ရှိ တောင်ဘက်ပိုင်း ဧရိယာ အရှေ့-အနောက်ပေ(၄၀)၊ တောင်-မြောက်ပေ(၃၀) အကျယ်အဝန်းရှိ မြေကွက်သည် ဦးအိဆာ(ဘ)ဦးဘခင် AE-၂၂၈၇၂၁ အမည်ဖြင့် ရတနာပုံမြို့ကွက်သစ် မြေနေရာချထားပေးသော မြေကွက်ဖြစ်ပြီး အဆိုပါ မြေကွက်အား "အရောင်းအဝယ်အရပ်ကတိစာချုပ်" အဆက်ဆက်ဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ၁။ဒေါ်စမ်းစမ်းစိမ့်(ဘ)ဦးတင်စိမ့်(၉/မရမ(နိုင်)၀၆၅၁၀၃)၊ ၂။ဒေါ်မော်မော်အောင်(ဘ)ဦးလှချိန်(၉/မရတ(နိုင်)၀၁၉၃၂၇)များထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးတင်စိုးဝင်း(ဘ)ဦးမြင့်တင်(၉/မရမ(နိုင်)၀၀၃၅၂၆)က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဆန်းဝေယံမင်းခန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၄၅၀)**
**အကွက်(၃၉၀)၊ သံ/နောက်၊ မဟာအောင်မြေမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၈၁၆၆၅၅၊ ၀၉-၇၄၀၀၂၇၅၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ငှက်တောင်ကျေးရွာအုပ်စု၊ ငှက်တောင်မြို့ပြကွက်သစ်၊ ဦးပိုင်အမှတ်(ခ-၂၈)၊ ဧရိယာ(၀ ဒသမ ၁၀၈)ဧကရှိ ဦးအောင်မြင့်(၉/ကဆန(နိုင်)၀၈၅၅၁၉)၏ ဂရန်အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့အား ဦးအောင်မြင့်ထံမှ ကျွန်ုပ် ဦးဇော်သူနှင့် ဒေါ်ကျော့ကျော့ခိုင်တို့မှ အပြီးအပိုင် ဝယ်ယူမည်ဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်သူ(၁၃/လလန(နိုင်)၀၆၆၉၂၄)၊**
**ဖုန်း ၀၉-၆၈၁၂၃၀၀၃၂**
**ဒေါ်ကျော့ကျော့ခိုင်(၁/ရကန(နိုင်)၀၀၂၇၀၆)၊**
**ဖုန်း ၀၉-၂၀၀၉၇၆၀**
**အမှတ်(င/၂၃)၊ ငှက်တောင်မြို့ပြကွက်သစ်၊**
**ငှက်တောင်ကျေးရွာအုပ်စု၊ ကျောက်ဆည်မြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ဘူးကုန်းကွက်သစ်နေ ဒေါ်သွယ်သွယ်ငြိမ်း(ဘ)ဦးဟန်သော်(၈/ရစက(နိုင်)၁၈၅၂၈၇) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သွယ်သွယ်ငြိမ်း လက်ရှိပိုင်ဆိုင်လျက်ရှိသော ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းအုပ်စု၊ ကုန်းတန်းကွက်သစ်၊ ကွင်းအမှတ်(၄၉၆)ရှိ (၁၅ပေ×ပေ၃၀) မြေကွက်နှင့် ကုန်းတန်းကျေးရွာရှိ (၃၄ပေ×ပေ၄၀) မြေကွက်တို့၏ ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများမှာ ပိုင်ရှင်ဖြစ်သူ ဒေါ်သွယ်သွယ်ငြိမ်း တစ်ဦးတည်းထံတွင်သာ ရှိနေခြင်းဖြစ်ပါသည်။ အဆိုပါ စာချုပ်စာတမ်းမူရင်းများအား ဒေါ်သွယ်သွယ်ငြိမ်း မသိရှိဘဲ စာချုပ်စာတမ်းအတုအတပြုလုပ် ချုပ်ဆိုခြင်း၊ စာချုပ်များအား မိတ္တူမှန်ကူးယူခြင်း၊ တရားမဝင်ပြုလုပ်ဆောင်ရွက်ခြင်းများ ရှိခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ –**
**ဒေါ်သွယ်သွယ်ငြိမ်း(ဘ)ဦးဟန်သော်**
**(၈/ရစက(နိုင်)၁၈၅၂၈၇)**
**ဘူးကုန်းကွက်သစ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာငြိမ်း (LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၁၀၉/၂၀၁၄)**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၇**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး လုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် နိုင်ငံရေးပါတီများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းနိုင်ရန် ရည်ရွယ်၍ နိုင်ငံရေးပါတီများအစုအဖွဲ့ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၂၀) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ တွေ့ဆုံသည်။



တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ အဖွဲ့ဝင်၊ နိုင်ငံရေးပါတီများအစုအဖွဲ့ ၃၂ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပြောကြား

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယနေ့နိုင်ငံရေးပါတီများနှင့် တွေ့ဆုံမှုသည် ဒုတိယ အကြိမ်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် NSPNC နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် နိုင်ငံရေး ပါတီများအစုအဖွဲ့၏ အမြဲတမ်းအလုပ်အဖွဲ့ ၁၆ ဦး အား ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီ များသည် ပြည်သူလူထုအား ကိုယ်စားပြုသူများ ဖြစ်ကြောင်း၊ ယခင်ဆွေးနွေးရန် သဘောတူညီထား သည့်ဆွေးနွေးချက်များကိုလည်း ဆက်လက်ဆွေးနွေး သွားမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်များအား တရား ဥပဒေဘောင်အတွင်း ဝင်ရောက်ရန် နိုင်ငံရေးပါတီ များအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများ၊ NCA လက်မှတ်ရေးထိုးပြီး အကြောင်း အမျိုးမျိုးကြောင့် ကင်းကွာသွားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေး လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်ရေး နိုင်ငံရေးပါတီများက ကူညီဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများအား ဆွေးနွေးပေးစေလိုကြောင်း၊ ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများအား ယခင်ပုံစံ အတိုင်းပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်မည့် အခြေအနေများကိုလည်း ဆွေးနွေးပေးစေလိုကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ နေထိုင်ရာ ဒေသများတွင်ရှိသည့် နိုင်ငံရေးပါတီများ အနေဖြင့်လည်း ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နိုင် သည့်နည်းလမ်းများအားဆွေးနွေးပေးစေလိုကြောင်း၊ နိုင်ငံရေးပါတီများနှင့် ယခင်ဆွေးနွေးခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေး ဆိုင်ရာကိစ္စရပ်များနှင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသော ဒေသများတွင်ရှိသည့် နေရပ်စွန့်ခွာသူများ နေရပ် ပြန်လည်ရောက်ရှိနိုင်ရေး ကိစ္စရပ်များကို ပွင့်ပွင့် လင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြား သည်။

ထို့အတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဒီမို ကရေစီအစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီများပေးအပ်နိုင်မှုများ၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွက် ချမှတ်ပေးထားသည့် မူဝါဒ၊ လမ်းညွှန်ချက် များနှင့် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး လုပ်ငန်း စဉ်များကို ရှင်းလင်းဆွေးနွေးသည်။

အလားတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား) က ယခင်အတွေ့အကြုံနှင့် အောင်မြင်မှုများအပေါ် အခြေခံပြီး လက်ရှိနိုင်ငံရေးအခြေအနေနှင့်လိုက်လျော ညီထွေဖြစ်စေရန် ပိုမိုချိတ်ဆက်နိုင်သည့် ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်ဆိုင်ရာ မူဘောင်၊ အနာဂတ်ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်အတွက် ဦးတည်ချက်၊ အသွင် ကူးပြောင်းရေးမဟာဗျူဟာနှင့် ယုံကြည်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီ ၃၂ ပါတီမှ ကိုယ်စားလှယ်များက ယခင်လက်မှတ်ရေးထိုးခဲ့သည့် Bilateral ပါ ကိစ္စရပ် များ၊ ငြိမ်းချမ်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ နှင့် တွေ့ဆုံဆွေးနွေးမှုအခြေအနေများ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် ငြိမ်းချမ်းရေးစကားဝိုင်းများ ကျင်းပဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် မီဒီယာများ၏ အခန်းကဏ္ဍ အရေးပါပုံ၊ အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ် နိုင်ရေးကိစ္စရပ်များ၊ နိုင်ငံရေးပါတီများပါဝင်မှုနှင့် ပတ်သက်ပြီး လုပ်ထုံးလုပ်နည်း၊ စည်းကမ်းသတ်မှတ် ချက်များ သတ်မှတ်ပေးနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်တွင် အမျိုးသမီးများ ပါဝင်လာနိုင်ရေးကိစ္စရပ်များ၊ နိုင်ငံရေးပါတီများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွင် ပါဝင်နိုင်မည့် နည်းလမ်းများ၊ နိုင်ငံတည်ငြိမ် အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ် သည့်ကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဆောင်ရွက်နိုင်သည့်အချက် များ၊ ပြည်သူလူထုအား အသိပညာပေးဆောင်ရွက်မှု လုပ်ဆောင်နိုင်ရေးကိစ္စများနှင့် ဆက်လက်ဆောင်ရွက် သင့်သည့် ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရေးအတွက် အမြင်သဘောထားများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့ သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၁၈ ရက် တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

သတင်းစဉ်

# အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ ပညာပေးအစီအစဉ်(နဝမအကြိမ်)ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီမှ ဦး ဆောင်ကျင်းပသည့် အမှိုက်စနစ် တကျစွန့်ပစ်ရေးနှင့် အမှိုက် ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ ပညာ ပေး လုပ်ငန်းအစီအစဉ်(နဝမ အကြိမ်)ကို ယနေ့နံနက် ၉ နာရီက မန္တလေးအောင်မြေသာစံ မြို့နယ် တိုင်းရင်းဆေးတက္ကသိုလ် ဝင်းအတွင်းတွင် ကျင်းပပြုလုပ် ခဲ့သည်။

အခမ်းအနားသို့ မန္တလေးမြို့ တော်စည်ပင်သာယာရေးကော် မတီ ကော်မတီဝင်(၂) ဦးသွင် ကျော်ကျော်၊ သန့်ရှင်းရေးဌာန



ဌာနမှူး ဦးမောင်မောင်မြင့်၊ ဒုတိယဌာနမှူး ဦးမင်းအောင်ဖြိုး၊ ဌာနခွဲမှူးများ၊ စည်ပင်သာယာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန် ရှိသူများ၊ သန့်ရှင်းရေးဌာန ဌာနစုမှူးများနှင့် ဝန်ထမ်းများ၊ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခ ချုပ် ပါမောက္ခဒေါက်တာ သိန်း ဇော်လင်း၊ ဒုတိယပါမောက္ခချုပ် (စီမံ)ဒေါက်တာမြင့်မြင့်သန်းနှင့် ပါမောက္ခ(ဌာနမှူး)များ၊ တိုင်း ရင်းဆေးဝါး ထုတ်လုပ်ရေးစက်ရုံ စက်ရုံမှူး ဦးသန်းထွန်းအောင်၊ ဆရာ၊ ဆရာမများ၊ ကျောင်း သား၊ ကျောင်းသူများနှင့်တာဝန်ရှိ သူများ တက်ရောက်ကြသည်။

ထို့နောက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်း လုပျိုဖြူများက အမှိုက် စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက် ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိ ပညာပေးတေးသီချင်းများ၊ Performance များဖြင့် ကျောင်း သား၊ ကျောင်းသူများအား အသိ ပညာပေးဆောင်ရွက်၍ နိုင်ငံ ကျော် ဓာတ်မင်းသားအောင်ဇမ္ဗူ၊ ဓာတ်မင်းသား ကောင်းစစ် ဟိန်း၊ ယွန်းမီ၊ ခိုင်ဇင်လင်း၊ နော်ထူးနှင့် တေးသံရှင်များက ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီမှ ဦး ဆောင်ပြုလုပ်လျက်ရှိသော အမှိုက် စနစ်တကျစွန့်ပစ်ရေး လုပ်ငန်း အစီအစဉ်များကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလအထိ အပတ်စဉ် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

# မြဝတီ(ယူ-၂၀) အသင်းအား အနိုင်ရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်း

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်း၏ M LEAGUE (U-20) Week-15 အဖြစ် မြဝတီ (ယူ-၂၀)အသင်းနှင့် အိမ်ကွင်း တွင်ယှဉ်ပြိုင်ကစားခဲ့ပြီး သုံးဂိုး၊ တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ရန်ကုန်လူငယ်အသင်း အတွက် သွင်းဂိုးများကို ပထမ ပိုင်းတွင် လမင်းပြည့်စုံတစ်ဦး တည်းက မိနစ် ၂၀ နှင့် ၂၄ မိနစ်များတွင် သွင်းယူပေးခဲ့ကာ ပထမပိုင်းတွင် နှစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန် လူငယ်အသင်းမှ လူစားလဲပြင် ဆင်မှုများနှင့် ဆက်လက် ကစားခဲ့သည်။ ထို့နောက်ပွဲချိန် ၈၂ မိနစ်တွင် မြဝတီလူငယ် အသင်းမှ ချေပဂိုးရရှိခဲ့ကာ ကျော်ဇေယျာခန့်က ရရှိလာသော ပင်နယ်တီအား သွင်းယူခဲ့သည်။ ထို့နောက်ပွဲပြီးခါနီး ၈၉ မိနစ် တွင် ရန်ကုန်လူငယ်အသင်း အတွက် တတိယဦးဆောင်ဂိုးကို ဇေထက်အောင်က သွင်းယူပေးခဲ့ သည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်းသည် (၁၅)ပွဲကစား၊ (၁၀)ပွဲနိုင်၊ (၃)ပွဲသရေ၊ (၂)ပွဲရှုံး ဖြင့်အမှတ်ပေးဇယား အဆင့်(၂) တွင်ရပ်တည်နေကာ လာမည့် စက်တင်ဘာ ၂၄ ရက်တွင် ဧရာဝတီယူနိုက်တက်(ယူ-၂၀) အသင်းနှင့် YUSC ကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

(NGB)